# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၈) ရက် ၊ တနင်္လာနေ့ ၊ (27-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၃)


## ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသီရိအား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နန္ဒာရာမပရိယတ္တိစာသင်တိုက်ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ကျန်းမာရေးအခြေအနေများနှင့် သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကလှူဒါန်းသည့် ဆန်၊ဆီနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ⇒**






ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်

## အယ်ဒီတာ့အာဘော်

# ယဉ်ကျေးမှုမျက်နှာစာမှ မြန်မာ့ပန်းချီအနုပညာ

ပန်းချီအနုပညာသည် ခံစားမှုအနုပညာပစ္စည်းမျှသာမဟုတ်ဘဲ လူမှုဘဝ၏ လူသုံးကုန်ပစ္စည်းများတွင် ပေါင်းစပ်ပါဝင်နေပြီး လူနေမှုဘဝအဆင့်အတန်းကို ဖော်ပြနိုင်သည့် ပညာရပ်တစ်ခုဟု သတ်မှတ်နိုင်ကြောင်း တွေ့ရသည်။

ယနေ့အချိန်တွင် ပန်းချီအနုပညာဖွံ့ဖြိုးမှုမှာ အရှိန်အဟုန်မပြတ် တိုးတက်လာလျက်ရှိသည်ဟု ဆိုနိုင်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ပန်းချီ၊ ပန်းပုအထက်တန်းကျောင်း၊ ပန်းချီသင်တန်း စသည်တို့မှ ပန်းချီကျောင်းဆင်းများ၊ ပန်းချီဘွဲ့ရများ၊ ပန်းချီပညာရှင်များ မွေးထုတ်ပေးနေသည်ကို တွေ့ရသလို နည်းပညာပိုင်းတွင် ကွန်ပျူတာ၊ ဂရပ်ဖစ်၊ ဆော့ဖ်ဝဲများအသုံးပြု၍ ပန်းချီရေးဆွဲသည့် နည်းစနစ်များလည်း ပေါ်ပေါက်လာကြောင်း တွေ့ရသည်။ ပန်းချီဒီဇိုင်းဖန်တီးခြင်း၊ ပန်းချီကားရေးဆွဲခြင်းတို့တွင် ရှေးယခင်က ရှိနှင့်ခဲ့သော နည်းနာများကိုအခြေခံ၍ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ပန်းချီရေးဆွဲရာတွင် အသုံးပြုသည့် ပစ္စည်းများမှာလည်း ပြောင်းလဲတိုးတက်လာသည်။ ဆီဆေး၊ ရေဆေးများရှိရာမှ အခရိုင်းလစ်ဆေးများလည်း ပေါ်ပေါက်လာပြီး အနုပညာရှင်၏ စိတ်ကူးဉာဏ်ရှိသလောက် ဖန်တီးဖော်ပြနိုင်ရန် အဆင်ပြေလွယ်ကူစွာရှိနေပြီဖြစ်သည်။

ပန်းချီရေးဆွဲရာတွင် မပါမဖြစ်အသုံးပြုရသည့် ကင်းဗတ်စ၊ ရေဆေးစက္ကူများလည်း အရည်အသွေးအမျိုးမျိုးဖြင့် ဈေးကွက်အတွင်း ဝင်ရောက်လာကြရာ ပန်းချီကားတစ်ချပ်ရရှိရန်အတွက် အခြေခံကုန်ကြမ်းများကို အလိုရှိသလို ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း တွေ့ရသည်။

ထိုသို့သော အခြေခံရုပ်ဝတ္ထုပစ္စည်းများ အလွယ်တကူရရှိနိုင်ပြီဖြစ်သလို ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့ကြီးများတွင် ပန်းချီပြခန်းများလည်း ပေါ်ပေါက်လာသည်။ ပန်းချီအနုပညာရှင်တစ်ဦး၏ လက်ရာကိုဖြစ်စေ၊ ပန်းချီရေးဆွဲသူများ၏ လက်ရာများကို စုပေါင်း၍ဖြစ်စေ ပန်းချီပြခန်းများတွင် ချိတ်ဆွဲပြသရာ လာရောက်ကြည့်ရှုသူ၊ နှစ်သက်မြတ်နိုးစွာ ဝယ်ယူစုဆောင်းသူတို့သည် အနုပညာရှင်တို့၏ လက်ရာမွန်များကို ပိုင်ဆိုင်ထိန်းသိမ်းခွင့်ရရှိနေကြသည်ကို တွေ့ရသည်။

မြန်မာ့ပန်းချီလက်ရာများတွင် မိမိတို့နိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ မြန်မာ့ရှုခင်းများ၊ လူငယ်လူရွယ် လုံမပျိုတို့၏ ပုံရိပ်များ၊ မြန်မာ့ဓလေ့ထုံးစံ အသွင်သဏ္ဌာန်များ၊ မြန်မာတို့၏ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဘုရားကျောင်းကန်၊ စေတီပုထိုးများ၊ ရဟန်းတော်များ စသည်တို့ကို ရှုထောင့်အမျိုးမျိုးမှ ရေးဆွဲခြယ်မှုန်းကာ ပန်းချီပြပွဲများ၌ ခင်းကျင်းပြသနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရသည်။ ထိုနည်းတူ ပန်းချီဆရာ၏ စိတ်ကူးဉာဏ်ကို အလေးကဲ၍ ဆန်းသစ်သောရေးဟန်များဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာများကိုလည်း ဈေးကွက်တွင် နေရာပေးလာသည်ကို တွေ့ရသည်။ မြန်မာ့ပန်းချီအနုပညာသည် နိုင်ငံတကာလက်ရာများနှင့် နှိုင်းယှဉ်လျက် အရည်အသွေးမနိမ့်ဘဲ ရင်ပေါင်တန်းနိုင်ကြောင်း တွေ့ရပေသည်။

သို့ဖြစ်ပေရာ မြန်မာ့ပန်းချီအနုပညာကို ယဉ်ကျေးမှုမျက်နှာစာတွင် ခံ့ထည်စွာတည်ရှိ၍ မြန်မာတို့ဓလေ့နှင့် မြန်မာ့အငွေ့အသက်တို့ဖြင့် နှစ်သက်ဖွယ်ဖြစ်နေရန် ပန်းချီအနုပညာရှင်များ၊ ပန်းချီပြခန်းပိုင်ရှင်များ၊ ပန်းချီကားစုဆောင်းသူများ၊ အားပေးကြည့်ရှုသူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမျှော်



**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၃၄၃၃၅၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် ရုံးပိတ်ရက်လဲဖြစ်ပြီး ဥပုသ်နေ့လဲဖြစ်တာကြောင့် လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ပြတိုက်ကသမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်သွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆို ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၃၈၂၂၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၅၂၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၆၀၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# ပြည်တွင်းရွှေဈေးနှုန်း အတက်အကျနည်းပါးသော်လည်း အရောင်းအဝယ် အနည်းငယ်ပြန်အေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်း အတက်အကျနည်းပါးသော်လည်း အရောင်းအဝယ်ပိုင်း၌ အနည်းငယ် ပြန်အေးလျက်ရှိကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇ သိန်းပတ်လည်တွင် ရှိနေပြီး ကမ္ဘာ့ရွှေဈေး အကျဘက်သို့ ရောက်နေသော်လည်း ပြည်တွင်းရွှေဈေး ပြန်လည်ကျဆင်းလာနိုင်ခြေမရှိကြောင်း သိရသည်။

"အခုနောက်ပိုင်း ပြည်တွင်းရွှေဈေးက ပြန်ကျလာဖို့ မမြင်တော့ပါဘူး။ လက်ရှိအရောင်းအဝယ်ပိုင်းကတော့ ပြန်အေးသွားပါတယ်"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၄၀ ဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၈၄၁ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၁ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ဒေါ်လာ ၁၈၁၀ ဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၄၂ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၀၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၈၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၀၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၁၀၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၁၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၈၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်းသိရသည်။

(၁၇၃)

# မန္တလေး ဈေးကွက်အတွင်း ပျော်ဘွယ်ဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀ ဖြင့် အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေး ဈေးကွက်အတွင်း ပျော်ဘွယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀ ဖြင့် အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပျော်ဘွယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ပျော်ဘွယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခုပျော်ဘွယ်ဘက်ကထွက်တဲ့ကြက်သွန်နီတွေကို အချို့ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေ အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး မြန်ပြီးကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဖေဖော်ဝါရီလ ဒုတိယပတ်က ပျော်ဘွယ်ဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း ဖေဖော်ဝါရီ ၂၅ ရက် ပေါက်ဈေးအရ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ ပျော်ဘွယ်နဲ့ မြစ်သားဘက်က ထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ကြက်သွန်နီတွေပဲဖြစ်ပါတယ်" ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ် ပေတောကျေးရွာ၌ ကျေးရွာအဝင်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ပေတောကျေးရွာ၌ ကျေးရွာအဝင်လမ်း ချင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်း၊ အင်ဂျင်နီယာအဖွဲ့နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပေတောကျေးရွာ၌ ကျေးရွာအဝင်လမ်း ချင်းကျောက် ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ပေတောကျေးရွာ၌ လမ်းအရှည် ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၃ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။

**ကိုမြင့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ သံလျှက်မော်အနောက် နေပူရွာနေ ဦးကျော်သန်း-ဒေါ်မြင့်မြင့်သန်း မိသားစုက ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့ဝင်တို့က လက်ခံရယူစဉ်။

# ရခိုင်ပြည်နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် မြို့နယ်ခြောက်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်



**စစ်တွေ ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့နယ်ခြောက်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်ထံမှ သိရသည်။

ရခိုင်ပြည်နယ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးဇုန်များကို စစ်တွေမြို့နယ်ရှိ သင်ပုန်းတန်းကျေးရွာ၊ ကျောက်တော်မြို့နယ်ရှိ သဝင်ကိုင်းကျေးရွာ၊ ဘူးသီးတောင်မြို့နယ်ရှိ နန်းရာကုန်းကျေးရွာ၊ ကျောက်ဖြူမြို့နယ်ရှိ ဇင်ချောင်းကျေးရွာ၊ အမ်းမြို့နယ်ရှိ ဂါယ်လောင်းကျေးရွာနှင့် တောင်ကုတ်မြို့နယ်ရှိ ရန်မျိုးကျေးရွာတို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရခိုင်ပြည်နယ်အတွင်းက စစ်တွေ၊ ကျောက်တော်၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ အမ်း၊ တောင်ကုတ်မြို့နယ်တွေမှာ စိုက်ပျိုးရေးဇုန်တွေ အကောင်အထည်ဖော်သွားမှာပါ။ စိုက်ပျိုးရေးဇုန်တွေမှာ စပါးစိုက်ပျိုးတာအပြင် သီးထပ်သီးညှပ်စိုက်ပျိုးတာတွေပါ လုပ်ဆောင်သွားမယ်။ စိုက်ပျိုးရေးဇုန် လုပ်ဆောင်ရာမှာ ပထမဆုံးအနေနဲ့ လယ်ယာမြေ အဆင့်မြှင့်တင်ရေး၊ ရေရရှိရေး၊ စက်မှုလယ်ယာစနစ်နဲ့ ဆောင်ရွက်တဲ့လုပ်ငန်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲနည်းတွေနဲ့ အထွက်နှုန်းတွေတိုးတက်အောင် ဆောင်ရွက်ဖို့လုပ်ငန်း စတာတွေပါဝင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဇုန် အကောင်အထည်ပေါ်လာရင် စိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းတိုးပြီး ဈေးနှုန်းပိုမိုရရှိတာတွေ၊ ရရှိလာတဲ့သီးနှံတွေကို ရောင်းချဖို့ခိုင်မာတဲ့ ဈေးကွက်ဖော်ဆောင်လာနိုင်တာ စတဲ့အကျိုးကျေးဇူးတွေ အများကြီးရရှိလာမှာဖြစ်ပါတယ်” ဟု ဦးထွန်းမြင့်က ပြောပြသည်။

မြို့နယ်ခြောက်မြို့နယ်တွင် စိုက်ပျိုးရေးဇုန် ဖော်ဆောင်ရန်အတွက် ပထမဆုံးအနေဖြင့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင်စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ASH**

# စေတုတ္တရာမြို့နယ် ငလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငလဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ၊ ကျေးရွာပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များအကြောင်း ပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တာဝန်များနှင့် ခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ငလဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**ပုသိမ် ဖေဖော်ဝါရီ ၂၆**


ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့ မြင့်ရောလယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလက ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ သာ ဈေးရရှိခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ယနေ့ထိ ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ထောပတ်ပဲများ ဈေးကောင်းရရှိနေခြင်းသည် လက်ရှိ ပုသိမ်မြို့နယ်တွင် ပဲအသစ်များမပေါ်သေးဘဲ လက်ကျန်ပဲများကိုသာ ရောင်းချနေရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ပြည်တွင်း၊ပြည်ပဈေးကွက်မှာ ထောပတ်ပဲတွေ ဝယ်လိုအားကောင်းနေတယ်။ ပြည်ပဈေးကွက်ကို တင်ပို့နေရလို့ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ သိသိသာသာ ဝယ်လိုအားကောင်းနေပါတယ်။ လက်ကျန်ပဲတောင် သိပ်မကျန်တော့ဘူး။ ဖေဖော်ဝါရီ ၁ ရက်ကနေ ဒီနေ့ထိ ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၇၅၀၀၀ ထိ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ လာမဲ့ ဧပြီလလောက်မှာ ပဲအသစ်တွေပေါ်မှာပါ။ အချို့တောင်သူတွေက ပဲသစ်ပေါ်တဲ့ထိ ဈေးကောင်းရရှိဖို့ မျှော်လင့်နေတယ်”ဟု ပုသိမ်မြို့ မြင့်ရောလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောပြသည်။

ပုသိမ်မြို့မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များသည် ဒေသထွက်ပဲများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ထောပတ်ပဲများကို ပုသိမ်၊ ရေကြည်၊ ဟင်္သာတ၊ မအူပင်၊ ကျိုက်လတ်နှင့် ဝါးခယ်မမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝနေဟန်

## ချစ်နိုင်(စိတ်ပညာ)




**အပိုတာဝန်**

မြန်မာစာရေးဆရာတွေဟာ အခြားနိုင်ငံက စာရေးဆရာတွေနဲ့မတူဘဲ တစ်မူကွဲပြားတဲ့ အလုပ်တာဝန်တစ်ခုကိုလည်း စေတနာ့ဝန်ထမ်း ထမ်းဆောင်ကြရတယ်။ အဲဒါကတော့ နတ်တော်လဆန်း ၁ ရက်နေ့ကိုရောက်ရင် နိုင်ငံတစ်ဝန်းရှိ မြို့နယ်အချို့က စာပေမြတ်နိုးသူ မြို့ခံရပ်မိရပ်ဖအချို့ဦးဆောင်ပြီး စာပေဟောပြောပွဲကျင်းပလေ့ရှိကြပါတယ်။ စာရေးဆရာတွေကို ဖိတ်ခေါ်တယ်။ စာရေးဆရာတွေက သွားရောက်ဟောပြောကြပါတယ်။ ဒီဓလေ့ဟာ ၁၉၄၄ ခုနှစ် စာဆိုတော်နေ့ဆိုပြီး နတ်တော်လဆန်း ၁ ရက်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့တဲ့အချိန်ကစတင်ပြီး ယခုဆို နှစ် ၈၀ တောင်ကြာခဲ့ပြီပေါ့။ အချို့မြို့တွေမှာ အကြိမ်ပေါင်းများစွာ နှစ်စဉ်မပျက်ကျင်းပခဲ့ကြတာလည်းရှိပါရဲ့။ စာဆိုတော်နေ့ရယ်လို့ စာပေဟောပြောပွဲ တစ်ကြိမ်တစ်ခါမှ မကျင်းပဖူးတဲ့ မြို့လည်းရှိကောင်းရှိနိုင်တာပဲ။ အချို့ကျေးရွာတွေမှာတော့ လေးကြိမ်၊ ငါးကြိမ်၊ ခြောက်ကြိမ်မက ကျင်းပခဲ့ကြတာ သတိပြုမိပါတယ်။ လေးစားစရာပဲ။ ဂျပန်၊ တရုတ်၊ လာအို၊ ထိုင်း၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ အင်ဒိုနီးရှား စတဲ့ မိမိရောက်ဖူးသမျှနိုင်ငံအများစုမှာတော့ **စာဆိုတော်နေ့**၊ စာရေးဆရာနေ့ရယ်လို့ သတ်သတ်မှတ်မှတ် ကျင်းပဂုဏ်ပြုတာမျိုးမရှိကြပါ။ အနောက်နိုင်ငံအချို့မှာ ချစ်သူများနေ့ဆိုတာမျိုးတော့ ကြားဖူးပါရဲ့။

လွန်ခဲ့တဲ့ နှစ် ၂၀ ကျော်ရှေ့မှာတော့ ဒေသခံတွေက စာရေးဆရာတွေကို သူတို့အရပ်ဒေသထွက်ပစ္စည်းတွေ လက်ဆောင်ပေးလေ့ရှိကြတယ်။ ငါးခြောက်၊ ဆန်၊ အိတ်၊ ဆီပုံး၊ သနပ်ခါးတုံး၊ ဖရဲသီး၊ မီးသွေးခြင်း စသဖြင့် သူတတ်နိုင်ရာပေးရတာပဲ။ စာရေးဆရာကလည်း ဘာပစ္စည်းရချင်တယ်လို့ ရည်ရွယ်ဟောပြောတာမျိုးမဟုတ်။ ကျွေးတာစားပြီး ပေးတာယူခဲ့တယ်။ စာပေရေးရာဇဟုသုတတွေ စာဖတ်ပရိသတ်ပျော်အောင်၊ လွမ်းအောင်၊ ဝမ်းနည်းအောင်၊ ရယ်မောအောင် ဟောပြောခဲ့ကြတာပဲ။

**ပြောင်းလဲ**

အခုခေတ်မှာတော့ စာရေးဆရာကို ပစ္စည်းလက်ဆောင်ပုဆိုး၊ အင်္ကျီလေးတောင် ရှေးကလိုမပေးကြတော့ပါ။ ငွေကြေးပဲ ပေးလေ့ရှိတော့တယ်။ စာရေးဆရာကို သူတို့လေးစားသလောက်၊ ချစ်ခင်တန်ဖိုးထားနိုင်သလောက် တစ်သိန်း၊ နှစ်သိန်းစီ ဒါမှမဟုတ် လေးသိန်း၊ ငါးသိန်းစီကန်တော့လိုက်ကြတယ်။ အရက်သေစာနှစ်သက်တဲ့ စာရေးဆရာတွေကို စကော့ဝီစကီနဲ့ ညှိခံကြတာမျိုးလည်းရှိကြတယ်။ အချို့ဒေသခံစာပေဝါသနာရှင်တွေက သောက်တတ်တဲ့ စာရေးဆရာမျိုးကိုမှ ရွေးပြီးခေါ်ချင်တယ်။ စာရေးဆရာလာမှ တစ်ဝိုင်းတည်းအတူထိုင်ပြီး အရက်ကောင်းကို အားရပါးရ သောက်ခွင့်ရတာမို့။ ရှေ့လျှားပြောင်းလဲမှုတွေက ကောင်းတာလည်းရှိ၊ ဆိုးတာလည်းရှိ။ ဓလေ့ထုံးစံဆိုတာလည်း ခေတ်အလိုက် လူတွေကပဲ ဖန်တီးလိုက်ပါကြတာပဲလေ။ ဟောပြောပြီးမှ သောက်စားတဲ့ စာရေးဆရာလည်းရှိပါတယ်။ စင်ပေါ်မတက်ခင်ကပင် နှစ်ပက်၊ သုံးပက်ချပြီးမှ စာပေဟောပြောတတ်တဲ့ ဆရာအချို့လည်းရှိတတ်တယ်။ အရက်အရှိန်လေးတွေတွေနဲ့မို့ စကားကပြောချင်ရာပြော၊ အကြောင်းအရာက ရောက်ချင်ရာရောက်။ ကပေါက်တိ ကပေါက်ချာတွေ ဖြစ်ရတာလည်း ကြားဖူးတယ်။

**အပျက်ဘက်**

စာရေးဆရာအမည်ခံသူ အချို့ကတော့ မူးမှမဟုတ်ပါ။ မူးမူး မမူးမူး ပရိသတ်လက်ခုပ်တီးအောင်၊ အနှီးအဆွတွေနဲ့လောကကို ဒေါသမောဟနဲ့ ရှုမြင်အောင် ကလိတိတိ ရိတိတိဟောပြောတော့တာပဲ။ ပတ်ဝန်းကျင်ကို အပြစ်ဆိုမယ်။ သူတစ်ပါးကို အပြစ်ပြောမယ်။ နိုင်ငံကလည်း ပျက်စီးလို့နေပြီ။ လူတွေကလည်း ညံ့ဖျင်းနုံချာနေကြပြီ။ ဘယ်သူမှ မကောင်း။ အောက်ကလည်း ဩဘာ လက်ခုပ်ပေးကြ။ ဖြောင်းဖြောင်းဖြောင်း။ အချို့က ဒါမျိုးမှသဘောကျ။

"အခြေအနေကတော့ ဖြိုကျလုလု အိမ်ဟောင်းကြီး၊ အိမ်ဆွေးအိမ်စုတ်ကြီးပေါ့ဗျာ" ဖြောင်းဖြောင်း။

"ရှေ့ခရီးဆက်မယ်ဆိုရင် ပုပ်စော်နံဟောင်နေတဲ့ ငါးပုပ်လှေနဲ့ဆက်ပြီး လှော်သွားမလား။ ပန်းတွေမွှေးမွှေးကြူကြူနဲ့ ပန်းလှေအသစ်နဲ့ သွားမလား"။ ဖြောင်းဖြောင်း၊ ဖြောင်းဖြောင်း။

အကောင်းရှိတာမကြည့်ရင် အကောင်းမမြင်နိုင်။ လောကသဘာဝ၊ အမှန်တရား ဓမ္မဘေးဖယ်ထား။ အဆိုးတွေတော့ မီးမောင်းထိုးပြပြီးပြောနေတော့ စာပေဟောပြောပွဲလာနားထောင်တဲ့ ပရိသတ်မှာ အလိုမကျမှု၊ မကျေနပ်ချက်တွေယူပြီး ပြန်သွားကြရတာပေါ့။ ဇာတ်သမားလာရင် မှတ်သားစရာပါမယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်တယ်လို့ ရပ်သူရွာသားတွေက သဘင်သမား၊ ဇာတ်သမားကိုပင် မြင်ဆရာ၊ ကြားဆရာလို့ ဆရာတင်တတ်တဲ့ လူမျိုးပါ။ သို့သော် စာရေးဆရာအရေခြုံပြီး ပါတီစွဲ၊ ဝါဒစွဲနဲ့ နိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုတွေ စာပေစင်မြင့်ပေါ်တက်လာခဲ့တဲ့ကာလမျိုးမှာ လူအချင်းချင်းချစ်ခြင်းမေတ္တာနဲ့ လေးစားမှု၊ စာနာမှု၊ ဖြူစင်ရိုးသားတဲ့တရားတွေ ပြန့်ပွားစေရမယ့်အစား လူလူချင်းမနှစ်လိုခြင်း၊ မုန်းတီးခြင်း၊ သွေးကွဲခြင်း၊ ရန်လိုခြင်း၊ ငြူစူပုတ်ခတ်ချိုးနှိမ်လိုခြင်း၊ တိုက်ခိုက်နှိပ်စက်လိုခြင်း၊ အမှားရှာခြင်း၊ အကောင်းမမြင်ခြင်းတွေကိုသာ တိုးသည်ထက်တိုးတက်ပွားများအောင် မှိုင်းတိုက်ခဲ့ကြလေရဲ့။

**သမာသမတ်**

အဖြူအမည်း၊ အလင်းအမှောင်၊ အကောင်းအဆိုးဆိုတာ ဘယ်လူမျိုး၊ ဘယ်နိုင်ငံ၊ ဘယ်လူတန်းစားမှာမဆို အနည်းအများ ဒွန်တွဲပြီး ရှိနေတတ်တဲ့ ပကတိတရားကို သိစေရမှာပါ။

ဒီရွာသားတစ်ယောက် အရက်သမားဖြစ်တာနဲ့ ဒီတစ်ရွာလုံးဟာ အရက်သမားရွာပဲဆိုတာမျိုးသိမ်းကျုံးပြီး ကိုယ်လိုရာဆွဲတာမျိုးက မှန်ကန်တဲ့အမြင်မဟုတ်။ အသီးအသီးနဲ့ အလုံးစုံသဘောဆိုတာ မရောထွေးရဘူးလေ။ ရှိပါစေတော့။ ဘဝအမြင်၊ ကြည့်ရှုပုံ ရှုထောင့်တွေကို တမင်သွေစောင်းအောင် မှိုင်းတိုက်ခံခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ဘဝအမြင်မှန်ပြန်ရောက်အောင် တည့်မတ်ပြုပြင်ကြရဦးမှာပါ။ ရှေးခေတ်အဆက်ဆက်က ကျေးဇူးရှိခဲ့ကြတဲ့ စာဆိုတော်တွေရဲ့ သဘာဝပတ်ဝန်းကျင်ကို အလှမြင်တတ်အောင် ဖွဲ့နွဲ့သီကုံးခဲ့ပုံတွေ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုစာပေအင်အားနဲ့ မြှင့်တင်ခဲ့ကြပုံတွေ၊ မိမိတို့တိုင်းရင်းသားအားလုံး အေးအတူ ပူအမျှ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနဲ့ စည်းစည်းလုံးလုံး မေတ္တာဖွဲ့နှောင်နေပါမှ သွေးခွဲလာကြတဲ့ ဘေးရန်ဟူသမျှကို တွန်းလှန်တားဆီးနိုင်ကြမယ် စသဖြင့် ဟောပြောစရာ ပြည်တွင်း၊ ပြည်ပစာပေအနုအလင်္ကာ အဆီအနှစ်တွေ မြောက်မြားစွာ ရှိနေပါတယ်။

စာပေဆိုတာ စိတ်ကောင်းစေတနာကောင်းနဲ့ရေးမှ စာကောင်းပေကောင်းဖြစ်လာနိုင်ပါတယ်။ စကားပြောဆိုရာမှာလည်း စိတ်ကောင်းစေတနာကောင်းထားပြီးပြောမှ အကျိုးရှိတဲ့စကား၊ ဆီလျော်သက်ဆိုင်တဲ့စကား၊ အသုံးကျတဲ့စကား၊ နှစ်လိုဖွယ်ရာစကားဖြစ်နိုင်ပါတယ်။ ဒေါသရှေ့ထား ရန်လိုပုတ်ခတ်တဲ့စကားမျိုးကိုတော့(ပါတီနိုင်ငံရေးသမားတွေရဲ့ဟောပြောပွဲ၊ မဲဆွယ်ပွဲတွေ မပြောလို)စာပေစင်မြင့်ပေါ်မှာတော့ ကင်းရှင်းတာ ကောင်းမယ်ထင်ပါတယ်။ ထားပါတော့လေ စာပေဆိုတာ နိုင်ငံရေးနဲ့ ဘယ်လိုမှမကင်းနိုင်တာမို့ ဘယ်သူဘယ်ဝါကိုမှ မိမိအနေနဲ့အပြစ်မဆိုချင်ပါ။ ကိုယ့်ဘာသာကိုယ်တာဝန်ယူကြရတာလေ။ လွတ်လပ်စွာရေးသားခွင့်၊ ပြောဆိုခွင့်၊ ထုတ်ဖော်ခွင့်ရှိပါတယ်။ သူတစ်ပါးထိခိုက်လောက်တဲ့ လမ်းပေါ်က လူတွေကြား ထီးတော့မယမ်းနဲ့ပေါ့။

**ပေါ်လီယာနာ**

စာရေးသူကတော့ ငယ်ငယ်ကတည်းက ဖတ်ခဲ့ရဖူးတဲ့ ဆရာထင်လင်းဘာသာပြန် **ပေါ်လီယာနာ**ဆိုတဲ့ ဝတ္ထုလေးကို အမြဲပဲသတိရမိတယ်။ မူရင်းစာရေးဆရာ အီလယ်နော်ပေါ်တာ (Eleanor Emily Hodgman Porter 1868-1920)အမေရိကန်စာရေးဆရာမကိုလည်း သိပ်ပြီးကျေးဇူးတင်တယ်။ ပေါ်လီယာနာဝတ္ထု (၁၉၁၃)ဟာ ကမ္ဘာကျော်ထင်ရှားအောင်မြင်ခဲ့ပါတယ်။ အကောင်းမြင်တတ်ဖို့ အသိပညာပေးတဲ့ ကလေးစာပေအမျိုးအစားပါ။ ဒီဝတ္ထုကို အခြေခံပြီး ရုပ်ရှင်ရိုက်တဲ့အခါမှာလည်း လူကြိုက်များကြတယ်။ ပရိသတ်အားပေးလို့ အောင်မြင်ပါတယ်။ သရုပ်ဆောင် အင်္ဂလန်စိန်ဟာ ဒီဇာတ်ကားထဲက ဇာတ်ကောင်အမည် ငြိမ်းငြိမ်းအိဆိုတဲ့ အမည်ရပြီး အကယ်ဒမီဆုလည်း

❖ ခေတ်သစ်လူနေမှု ဘဝအခြေအနေထဲမှာပဲ မိမိတို့ရှိခဲ့ပြီးသား ထုံးတမ်းဓလေ့အစဉ်အလာရှုမြင်ခံယူပုံ၊ နှလုံးသွင်းတတ်ပုံတွေဟာ အဖိုးတန်ပြီး အသုံးကျဆဲပါပဲ။ ဘဝတစ်ခုရရှိလာပြီဆိုမှတော့ ဘဝရဲ့တန်ဖိုးကို နားလည်ရမှာပေါ့။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ လူ့ဘဝဆိုတာက လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်ဘူး(အကျယ်မဖော်ပြတော့ပါ။) ဖဝါးလက်နှစ်လုံးကနေ လူဖြစ်အောင် မွေးမြူခဲ့ရတာ ဘယ်လွယ်ကူမှာလဲ။ ဒီဘဝတန်ဖိုးကို အကျိုးရှိအောင် အသုံးချရပေမယ်။ ပေါ့ပေါ့တန်တန် ပစ်စလက်ခတ်မလုပ်သင့်ပါဘူး။ ❖

ချီးမြှင့်ခံရတယ်။

ရှေးလူကြီးသူမတွေ သွန်သင်ဆုံးမလေ့ရှိခဲ့တဲ့ **ယောနိသောမနသိကာရ** ဆိုတဲ့ နှလုံးသွင်းမှုမှာ အကောင်းဘက်က ရှုမြင်တတ်တဲ့သဘောထားရှိတတ်ဖို့ အခြေခံကျပါတယ်။ ဆရာတော်တွေဟောကြားကြတဲ့ ဗုဒ္ဓဝါဒတရားတော်တွေထဲမှာပါပြီးသားတွေပါ။

ခေတ်ကာလရဲ့ ပြောင်းလဲမှုရေစီးကြောင်း အရှိန်အဟုန်လျင်မြန်မှု၊ ပြင်ပယဉ်ကျေးမှုတွေ ထိုးဖောက်လွှမ်းမိုးမှု၊ ရှေ့ရောင်တောက်ပြောင်တဲ့ ရွှေမဟုတ်သောအရာအမျိုးမျိုးနဲ့ လှည့်စားလိမ်ညာခံရမှု၊ မြန်မာတို့ရဲ့ ရိုးလွန်းပြီး ယုံလွယ်မှုတွေကြောင့် ရေလိုက်လွဲခဲ့တဲ့ အစွဲများ၊ အယူများတွေဟာ သတိထားစရာကောင်းတယ်။

ခေတ်သစ်လူနေမှု ဘဝအခြေအနေထဲမှာပဲ မိမိတို့ ရှိခဲ့ပြီးသား ထုံးတမ်းဓလေ့အစဉ်အလာရှုမြင်ခံယူပုံ၊ နှလုံးသွင်းတတ်ပုံတွေဟာ အဖိုးတန်ပြီး အသုံးကျဆဲပါပဲ။

ဘဝတစ်ခုရရှိလာပြီဆိုမှတော့ ဘဝရဲ့တန်ဖိုးကို နားလည်ရမှာပေါ့။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ လူ့ဘဝဆိုတာက လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်ဘူး(အကျယ်မဖော်ပြတော့ပါ။) ဖဝါးလက်နှစ်လုံးကနေ လူဖြစ်အောင် မွေးမြူခဲ့ရတာ ဘယ်လွယ်ကူမှာလဲ။ ဒီဘဝတန်ဖိုးကို အကျိုးရှိအောင် အသုံးချရပေမယ်။ ပေါ့ပေါ့တန်တန် ပစ်စလက်ခတ်မလုပ်သင့်ပါဘူး။

**အလုပ်နဲ့ရှင်သန်**

လောကအလယ်မှာ ဆူးမဖြစ်စေနဲ့။ ပတ်ဝန်းကျင်မှာ ကိုယ်ဟာ အမှိုက်မဖြစ်ပါစေနဲ့။ တန်ဖိုးရှိအောင် နေထိုင်ပါ။ ကြိုးစားပါ။ ရှင်သန်ပါ။ အမြင်မှန်ပါ။ ကျန်းကျန်းမာမာနဲ့ အသက်ရှည်ရှည်နေနိုင်ပြီး လောကကို အကျိုးပြုနိုင်အောင် စိတ်ထဲမှာ ရည်မှန်းချက်ထားပါ။ အလုပ်တစ်ခုခုကို လုပ်နေပါ။

မိဘဆွေမျိုး၊ ဆရာသမားတွေ ကျေးဇူးကြီးခဲ့ကြတယ်။ ကျေးဇူးဆပ်နိုင်အောင် ဆပ်မယ်။ ပြန်ပြီး ငါက အကျိုးပြုကူညီရမယ်။ ဒီလိုမျိုးရည်မှန်းချက်ရှိရမယ်။ လောကကောင်းကျိုး၊ မိဘဆရာကောင်းကျိုး သယ်ပိုးထမ်းဆောင်မယ်ဆိုတဲ့ လူတစ်ယောက်ဟာ တာဝန်သိတဲ့ လူသားကောင်းပဲ။ အလုပ်ဟာဘဝ၊ ဘဝဟာအလုပ်။

လောကကောင်းကျိုးဆောင်နိုင်အောင်ရယ်။ မိဘဆရာ၊ ဆွေမျိုးဉာတကာအကျိုးကို ဆောင်နိုင်အောင်ရယ်။ ဘာလုပ်ရမလဲ။

မိမိဘဝကိုကောင်းအောင်၊ တော်အောင်ကြိုးစားပြီး မိမိကိုယ်တိုင် ကြိုးကြိုးစားစားတည်ဆောက်မြှင့်တင်နေရမှာပါ။ ဟုတ်တာပေါ့။ ဘဝအဓိပ္ပာယ်ကို အခုမှသဲသဲကွဲကွဲတိတိကျကျ သိရပါတော့တယ်။

ကမ္ဘာပေါ်မှာ လူများစုအသက်အရှည်ဆုံးက ဘယ်လူမျိုးလဲသိလား။ သက်တမ်း ၈၄ နှစ်ရှိတဲ့ ဂျပန်လူမျိုး။ ပျမ်းမျှမြန်မာလူမျိုးသက်တမ်းက ၆၆နှစ်တဲ့။ အသက်ရှည်သူများတဲ့ ဂျပန်နိုင်ငံထဲမှာ အိုကီနာဝါကျွန်းပေါ်က ဂျပန်တွေက အသက်အရှည်ကြဆုံး။ အိုကီနာဝါကျွန်းပေါ်မှာတောင် ကျွန်းရဲ့မြောက်ဖျားစွန်းမှာရှိနေတဲ့ အိုဂျီမိမြို့လေးမှာရှိနေတဲ့ လူဦးရေ ၃၀၀၀ ကတော့ လူ့သက်တမ်းအရှည်ဆုံးပဲတဲ့။

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းမြောက်ဖျားမှာ နေထိုင်ကြတဲ့ ကမ္ဘာ့အသက်ရှည်ဆုံး ဘိုးသက်ရှည်၊ ဘွားသက်ရှည်တို့ရဲ့ အိုဂျီမိတောမြို့လေးကို ကိုယ်တိုင်သွားရောက်လေ့လာပြီး သုတေသနစာရေးဆရာ နှစ်ယောက်က စာအုပ်တစ်အုပ် ရေးထုတ်ခဲ့ပါတယ်။ **အီကီဂိုင်**တဲ့။ ဂျပန်တို့ရဲ့ သက်ရှည်ပျော်ရွှင် ဘဝနေနည်းပေါ့။

အီကီဂိုင်ရဲ့ ဂျပန်အနက်အဓိပ္ပာယ်က **အလုပ်များနေရတာကို ကျေနပ်ခြင်း**တဲ့။

အသက်ရှည်ဖို့၊ ကျန်းမာနေဖို့ အလုပ်လုပ်နေရမယ်။ ငွေအတွက်မဟုတ်၊ ဂုဏ်အတွက်မဟုတ်၊ ဘဝရဲ့အဓိပ္ပာယ်အရ လောကကိုအလှဆင်ဖို့၊ လူသားတွေကို ကောင်းကျိုး(မေတ္တာ)ပေးဖို့ အလုပ်ကိုလုပ်နေရပါမယ်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလို မျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဟိုပုန်းမြို့နယ်အတွင်းရှိ နောင်ဘိုကန်သာယာလှပရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်အတွင်းရှိ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည့် နောင်ဘိုကန် သာယာလှပရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရှမ်းပြည်နယ်) ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်ထံမှ သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည့် နောင်ဘိုကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့တောင်ရပ်ကွက်အတွင်းတည်ရှိပြီး နောင်ဘိုကန်သာယာလှပရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သန်း ၃၅၀ ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိတဲ့ အထင်ကရနေရာဖြစ်တဲ့အတွက် သာယာလှပရေးလုပ်ငန်းတွေကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၅၀ နဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့တာ အခုအခါ လုပ်ငန်းတွေ အားလုံးပြီးစီးသွားပြီဖြစ်ပါတယ်။ လုပ်ငန်းတွေကတော့ နောင်ဘိုကန်ရဲ့ အတွင်းနံရံဘက်မှာ ကျောက်ရိုးစီမြေကာနံရံတည်ဆောက်တဲ့လုပ်ငန်း၊ ကန်ပတ်လမ်းတစ်လျှောက်မှာ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ဖို့ အများပြည်သူအပန်းဖြေနေရာအဖြစ် ပြင်ဆင်တဲ့လုပ်ငန်းတွေ ပါဝင်ပါတယ်။ ဒီလုပ်ငန်းတွေကိုတော့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)က ပြုလုပ်ခဲ့တာဖြစ်ပါတယ်"ဟု ဦးထင်အောင်နိုင်က ပြောပြသည်။

ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက် လည်ပတ်လေ့ရှိသည့် နောင်ဘိုကန် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကန်အနီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေကာ နွေရာသီ ရေရှားပါးချိန်တွင် မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများအတွက်လည်း အကျိုးပြုစေမည်ဖြစ်ပြီး ကန်အတွင်း ရေသိုလှောင်မှု ပမာဏများပြားလာသည့်အတွက် ကန်အနီးလူနေအိမ်များရှိ ရေတွင်းများအတွက်လည်း မြေအောက်ရေကို ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ဦးထင်အောင်နိုင်က ပြောပြ၍ သိရသည်။

ASH



➤ စာမျက်နှာ ၄ မှအဆက်

ဘဝအဓိပ္ပာယ်နဲ့ ဘဝတန်ဖိုးဟာ ဒါပါပဲ။

အိုဂျိမိတောမြို့လေးမှာနေတဲ့ ဂျပန်တွေ ဘာကြောင့်များ အသက်ရှည်ကြတာလဲ လေ့လာချက်အရ လိုရင်းတိုရှင်းကောက်နုတ်ပြရရင် အောက်ပါ ၁၀ ချက် တွေ့ခဲ့ရတယ်တဲ့။

၁။ **တက်တက်ကြွကြွနေပါ။** အငြိမ်းစားမယူနဲ့။ ကိုယ်ပျော်တဲ့အလုပ်ကိုလုပ်နေပါ။

၂။ **ဖြည်းဖြည်းသက်သာလုပ်ပါ။** အလျင်စလို အမောတကောမလုပ်နဲ့။

၃။ **အစာအိမ်မှာ ပြည့်ကားမနေစေနဲ့။** ဘောဇနမတ္တညုတဲ့။ ဆာမှစား။ လျှော့စား။ တည့်တာပဲစား။ စားနိုင်တာထက် နည်းနည်းလျှော့စား။

၄။ **မိတ်ဆွေကောင်းတွေထားရှိပါ။** မိတ်ဆွေကောင်းဆိုတာ အကောင်းဆုံးဆေးဝါးပဲ။ အတွေ့အကြုံမျှဝေပါ။ အကြံဉာဏ်ယူပါ။ စိတ်ကူးချင်းဖလှယ်ပါ။ ကလျာဏမိတ္တ။

၅။ **ကျန်းမာရေးကို ဂရုစိုက်ပါ။** အာရောဂျံ ပရမံလာဘံ။ အိပ်ရာထဲလဲရင် အခြားသူကို ဒုက္ခပိုစေမှာပေါ့။

၆။ **ပြုံးပါ။** တည်တည်တင်းတင်းမနေနဲ့။ မဲ့ကာရွဲ့ကာမနေနဲ့။ စိတ်ကိုပျော်အောင်ထား၊ ရယ်ရယ်မောမောနေ။ အသက်ရှည်မယ်။ ကျန်းမာတယ်။

၇။ **သဘာဝတရားနဲ့ ထိတွေ့ပါ။** အားသစ်အင်သစ်လောင်းဖို့ ရှုခင်းအသစ်၊ မြင်ကွင်းအသစ်၊ ပတ်ဝန်းကျင်ကို ရှုကြည့်ပါ။

၈။ **ကျေးဇူးတင်ပါ။** အသက်ရှုခွင့်၊ စားသောက်ခွင့်ပေးတဲ့ သားသမီး၊ ဆွေမျိုး၊ တပည့်တပန်း၊ ဘိုးဘေးဘီဘင်အားလုံးကို ကျေးဇူးတင်ပါ။ အမှတ်ရပါ။

၉။ **လက်ရှိ ပစ္စုပ္ပန်မှာနေပါ။** အနာဂတ်ကို ကြိုမတွေးနေနဲ့။ အတိတ်ကိုပြန်ပြီး လွမ်းဆွတ်တသမနေနဲ့ အလကားပဲ။

၁၀။ **ငါ့ အကောင်းဆုံး ဖန်တီးဦးမယ်။** လုပ်နိုင်တာ၊ လုပ်နိုင်သမျှ ကြိုးစားပြီးလုပ်ပါ။ အလုပ်တစ်ခုခု အာရုံထားပြီး ဘဝရဲ့ပန်းတိုင် အဓိပ္ပာယ်လို့ခံယူပါ။ ဘဝဆိုတာ အလုပ်။

အသက်အရွယ်အိုချင်အိုပါစေ။ ဘဝဆိုတာကတော့ ရှင်သန်ပြီး လတ်ဆတ်လန်းဆန်းနေရမှာ။ မေတ္တာစိတ်ထားကိုသာ များများမွေးမြူပါ။ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာမစ္ဆရိယ စတဲ့အမျက်မာနအာဃာတတွေနည်းလေလေ ဘဝက လှပအေးချမ်းလေလေပါ။

## အစွန်း

\- စကားချိုချို အမှားပြုံအောင်
ဆိုရေးရိုက ဆိုအပ်လှဟု
မိဘဆရာ သွန်သင်မှာခဲ့။

\- စကားအဆိပ် နားမပိတ်အောင်
တိတ်တိတ်နေမှု ထောင်တန်ဟုလျှင်
စေ့ငုသေချာ မင်္ဂလာနှင့်
ဆရာမိဘ ဆိုဆုံးမခဲ့။

\- သူတို့ထပ်ထပ် နာစေအပ်သည့်
နှစ်ရပ်စကား အပြားပြားမို့
ခြားနားဆန့်ကျင် သို့စိတ်ထင်လည်း
ဆင်ခြင်တုံနှင့် ဉာဏ်ရောင်ဆင့်လျက်
ချင့်ချိန်သမှု လို့လပြုကာ
နှစ်ခုအညွှန်း မပဲ့ပွန်းစေ
အစွန်းလွတ်၍ လမ်းမှန်တွေ့မှ
ချမ်းမြေ့ပီတိ မြတ်အသိနှင့်
မိဘဆရာ ဂုဏ်မဟာကို
ကြည်သာဦးခိုက် မိတကား။ ။

**ချစ်စုအောင်**

# မင်းဘူးမြို့နယ် မုန်တောင်(ရွာသစ်)ကျေးရွာ၌ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၉၇၆ သန်းဖြင့် မုန်တောင်(ရွာသစ်)ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ မုန်တောင်(ရွာသစ်) ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်း၊ Chain Link ကာရံခြင်းလုပ်ငန်းနှင့် 3 HP ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မင်းဘူးမြို့နယ် မုန်တောင်(ရွာသစ်)ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၉၇၆ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ Chain Link ကာရံခြင်းလုပ်ငန်းနှင့် 3 HP ဆိုလာပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သော အောင်ဇေကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**စင်မာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတကာ သတင်းများ

## ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၃ ဒသမ ၈ ရာခိုင်နှုန်းထိ ရှိလာနိုင်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၆**

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းထိ ရှိလာနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီး အာခွန်တမ်ပစ်တာယာပိုင်ဆစ်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ပြီးခဲ့သည့်နှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် မူလမျှော်မှန်းသည်ထက် အားနည်းခဲ့ပြီး ၂ ဒသမ ၆ ရာခိုင်နှုန်းထိသာရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၃ ဒသမ ၈ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီး တမ်ပစ်တာယာပိုင်ဆစ်က ပြည်တွင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာမှုသည် ထိုင်းစီးပွားရေး ဖွံ့ဖြိုးမှုနှုန်းအတွက် မျှော်လင့်ချက်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက သုံးသပ်ခဲ့သည်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၂၇ ဒသမ ၅ သန်းထိ ဝင်ရောက်နိုင်ကြောင်း ထိုင်းဘဏ္ဍာရေး ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ပြီးခဲ့သည့်နှစ်တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သော ကမ္ဘာလှည့်ခရီးသည် အရေအတွက်မှာ ၁၁ ဒသမ ၁၅ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

KKO

## အီတလီတောင်ပိုင်း၌ ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ရေယာဉ်နစ်မြုပ်

**ရောမ ဖေဖော်ဝါရီ ၂၆**

အီတလီနိုင်ငံ တောင်ပိုင်း၌ ယနေ့တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသော ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူပေါင်း ၃၀ ကျော် သေဆုံး၍ ၄၀ ကျော် အသက်ရှင်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်တိမ်းမှောက်မှုသည် ကာလာဘရီယာဒေသ ကမ်းရိုးတန်းကမ်းခြေ အပန်းဖြေစခန်းတစ်ခု အနီးဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီတလီ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေးသမားများသည် ရေယာဉ်တိမ်းမှောက်နစ်မြုပ်ရာနေရာအနီး၌ ရှာဖွေမှုများပြုလုပ်နေကြောင်း သိရသည်။

တိမ်းမှောက်နစ်မြုပ်ခဲ့သော ရေယာဉ်ပေါ်တွင် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၁၀၀ ကျော်လိုက်ပါလာကြောင်း အီတလီ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်၊ ပါကစ္စတန်နှင့်အာဖဂန်နစ္စတန်တို့မှ ရွှေ့ပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့် ယင်းရေယာဉ်သည် ရာသီဥတုဆိုးရွားနေစဉ်ကျောက်ဆောင်များနှင့်ဝင်တိုက်မိ၍ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အီတလီနိုင်ငံသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ဥရောပသို့ လာရောက်ကြသော တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများစတင်ဆင်းသက်ရာ အဓိကနေရာများထဲတွင် ပါဝင်ကြောင်း သိရသည်။

KKO



## ဥရောပသမဂ္ဂခေါင်းဆောင်များ ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်မည်



**ပေကျင်း ဖေဖော်ဝါရီ ၂၆**

ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ လာရောက်ဖွယ်ရှိကြောင်း ဂလိုဘယ်လ်တိုင်းမ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပကော်မရှင် ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့်ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မိုက်ကယ်တို့ အနေဖြင့် ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ လာရောက်နိုင်ကြောင်း ဥရောပသမဂ္ဂ၏ တရုတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဖူကောင်းက ဂလိုဘယ်လ်တိုင်းမ်သတင်းစာသို့ ထုတ်ဖော်ပြောကြားထားသည်။

ဥရောပသမဂ္ဂ ခေါင်းဆောင်နှစ်ဦး၏ တရုတ်ခရီးစဉ်အတွက် လက်ရှိအချိန်တွင် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ တရုတ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး၏ အဆိုအရ သိရသည်။

တရုတ်နှင့် ဥရောပသမဂ္ဂတို့ကြားတွင် ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ သဘောထားအမြင်ချင်း ကွဲပြားလျက်ရှိသည်။

ယူကရိန်းစစ်ပွဲကို အဆုံးသတ်ပေးရေးအတွက် ရုရှားနိုင်ငံကို ဖိအားပေးရန် ဥရောပသမဂ္ဂ ခေါင်းဆောင်များက တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တိုက်တွန်းထားသည်။

ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မိုက်ကယ်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

KKO

## ယူကရိန်းအတွက် လက်နက်များဖြည့်ဆည်းပေးမှုကို ကန့်ကွက်သည့်အနေဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ လူပေါင်း ၁၀၀၀၀ ခန့် ချီတက်ဆန္ဒပြ

**ဘာလင် ဖေဖော်ဝါရီ ၂၆**

ယူကရိန်းအတွက် လက်နက်များ ထောက်ပံ့ဖြည့်ဆည်းပေးမှုကို ကန့်ကွက်သည့်အနေဖြင့် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဖေဖော်ဝါရီ ၂၅ ရက်က လူပေါင်း ၁၀၀၀၀ ခန့် ချီတက်ဆန္ဒပြခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




ယူကရိန်းစစ်ပွဲအတွင်း နေ့စဉ်လိုလို လူပေါင်း ၁၀၀၀ ထိ သေဆုံးနေရပြီး တတိယကမ္ဘာစစ်ဖြစ်နိုင်ခြေလည်း မြင့်မားလာသည်ဖြစ်ရာ ယူကရိန်းသို့လက်နက်များ တင်ပို့မှုကိုရပ်တန့်ရန် ဂျာမနီအစိုးရကို ဆန္ဒပြသမားများက တောင်းဆိုခဲ့ကြသည်။

အဆိုပါဆန္ဒပြပွဲကို ဂျာမနီ လက်ဝဲယိမ်းနိုင်ငံရေးခေါင်းဆောင်တစ်ဦးက ဦးဆောင်ပြီး ယူကရိန်းစစ်ရေးပဋိပက္ခတစ်နှစ်ပြည့်မြောက်ပြီး နောက်တစ်ရက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဂျာမနီအစိုးရသည် အဆိုပါဆန္ဒပြပွဲအတွက် ရဲတပ်ဖွဲ့ဝင် ၁၄၀၀ ကျော်ဖြန့်ကြက်ခဲ့ပြီး စစ်ဝတ်စုံများ၊ ရုရှားနှင့် ဆိုဗီယက်အလံများ၊ ရုရှားစစ်သီချင်းနှင့် လက်ယာစွန်းဝါဒသင်္ကေတများ သုံးစွဲမှုကို ပိတ်ပင်ထားသည်။

ဂျာမနီနိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် လက်နက်ခဲယမ်းများ အဓိက ဖြည့်ဆည်းပေးနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယူကရိန်း စစ်ရေးပဋိပက္ခ တစ်နှစ်ပြည့်သည့်နေ့ ဖြစ်သော ဖေဖော်ဝါရီ ၂၄ ရက်တွင် အနောက်အုပ်စု ခေါင်းဆောင်များသည် ယူကရိန်းကို လက်နက်များထပ်မံဖြည့်ဆည်းပေးရန် ကတိပြုထားကြကြောင်း သိရသည်။

KKO

## ငလျင်လှုပ်ခတ်စဉ် အဆောက်အအုံများပြိုကျမှုအတွက် တာဝန်ရှိသူများအဖြစ် ယူဆရသူ လူပေါင်း ၁၈၄ ဦးကို တူရကီဖမ်းဆီးထား

**အင်ကာရာ ဖေဖော်ဝါရီ ၂၆**

ယခုလအစောပိုင်းတွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် အဆောက်အအုံများ ပြိုကျခဲ့ရာ အဆိုပါပြိုကျမှုများအတွက် တာဝန်ရှိသူများအဖြစ် ယူဆရသူ ၁၈၄ ဦးကို တူရကီအစိုးရက ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ငလျင်ဒဏ်သင့် နယ်မြေအဆောက်အအုံပြိုကျမှုများအတွက် စုံစမ်းစစ်ဆေးရေး လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေစဉ် လူပေါင်း ၁၈၄ ဦးကို တူရကီအစိုးရက ဖမ်းဆီးထားခြင်းဖြစ်သည်။

ဖမ်းဆီးခံထားရသူများထဲတွင် အဆောက်အအုံ ကန်ထရိုက်တာ ၇၉ ဦး၊ အဆောက်အအုံများအတွက် ဥပဒေကြောင်းအရ တာဝန်ယူထားသူ ၇၄ ဦး၊ ပိုင်ရှင် ၁၃ ဦးနှင့် အဆောက်အအုံ အပြောင်းအလဲလုပ်ခဲ့သူ ၁၈ ဦးတို့ ပါဝင်ကြောင်း တူရကီ တရားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် တိုက်ခန်းပေါင်း ၅၂၀၀၀၀ ထိ ပါဝင်သော အဆောက်အအုံ ၁၆၀၀၀၀ ကျော်ပြိုကျခဲ့ရသည်။

အဂတိလိုက်စားမှုမကင်းသည့် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ထုံးလုပ်နည်းများကြောင့် ငလျင်လှုပ်ခတ်စဉ်အတွင်း ထိုမျှများပြားသည့် အဆောက်အအုံများပြိုကျခဲ့ရခြင်းဖြစ်ကြောင်း တူရကီပြည်သူအများအပြားက မှတ်ယူထားသည်။

ဖေဖော်ဝါရီ ၆ ရက်မြေငလျင်ကြောင့် တူရကီနိုင်ငံ၌ သေဆုံးခဲ့ရသူအရေအတွက်မှာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ၄၄၁၂၈ ဦးထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ရုရှားနိုင်ငံ၏ ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်က ဖေဖော်ဝါရီ ၂၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့



**မော်စကို ဖေဖော်ဝါရီ ၂၆**

နိုင်ငံတကာ အာကာသစခန်းယာဉ်မှူး သုံးဦးကို ပြန်လည်ခေါ်ယူမည့် ရုရှားနိုင်ငံ၏ ဆိုယုဇ်MS-23 အာကာသ လူသယ်ယာဉ်သည် ဖေဖော်ဝါရီ ၂၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

ဆိုယုဇ် MS-23 အာကာသ လူသယ်ယာဉ်နှင့် နိုင်ငံတကာ အာကာသစခန်းယာဉ်တို့သည် မွန်ဂိုလီးယားနိုင်ငံမြောက်ပိုင်း ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၆၀ တွင်ပျံသန်းနေစဉ် ချိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာဖြစ်ပွားခဲ့သည့် ဆိုယုဇ် MS-22 အာကာသ လူသယ်ယာဉ်နေရာတွင် အစားထိုးရန် ဆိုယုဇ် MS-23 အာကာသလူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၃ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုယုဇ် MS-22 အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားစဉ် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၄ ရက်က အအေးပေးစနစ်ဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွားခဲ့သည်။

အဆိုပါပြဿနာကြောင့် ကမ္ဘာမြေပြင်ပေါ် ပြန်လည်ဆင်းသက်ရတော့မည့် အာကာသယာဉ်မှူးသုံးဦးမှာ နိုင်ငံတကာ အာကာသစခန်း၌ သောင်တင်ရတော့မည့်အခြေအနေ ဆိုက်ခဲ့ရသည်။

မူလက ရုရှားအာကာသအေဂျင်စီသည် ဆိုယုဇ်MS-23 အာကာသလူသယ်ယာဉ်ကို ယခုနှစ်နွေဦးရာသီမှသာ အာကာသယာဉ်မှူးများနှင့်အတူလွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီက Crew-6 မစ်ရှင် မလွှတ်တင်မီ ဖယ်လ်ကွန်-၉ ဒုံးပျံ ဒုံးကန်အားစနစ်များကို စက်နှိုးစမ်းသပ်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Crew-6 အမည်ရှိ မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးကို နိုင်ငံတကာအာကာသစခန်းသို့ မလွှတ်တင်မီ ဖယ်လ်ကွန်-၉ ဒုံးပျံ ဒုံးကန်အားစနစ်များကို စက်နှိုးစမ်းသပ်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံဒုံးကန်အားစနစ်များစမ်းသပ်မှုကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်း ပစ်စင်အမှတ်-၃၉အေ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် အထက်ပါ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။



ဖယ်လ်ကွန်-၉ ဒုံးပျံ ဒုံးကန်အားစနစ်စမ်းသပ်မှုအတွင်း Space-X အာကာသနည်းပညာကုမ္ပဏီသည် ပင်မဒုံးယာဉ်၏ မာလင်အမျိုးအစား ဒုံးအင်ဂျင်ကိုးလုံးစလုံးကို ခုနစ်မိနစ်နှင့် ခုနစ်စက္ကန့်ကြာ နှိုးထားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြုလုပ်မည့် မစ်ရှင်သည် နာဆာနှင့်ရယူထားသည့် သဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးမည့် သတ္တမမြောက်အာကာသ လူသယ်ယာဉ်မစ်ရှင်ဖြစ်သည်။

အဆိုပါမစ်ရှင်တွင် အသုံးပြုထားသော Crew Dragon အာကာသ လူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းသို့ သုံးကြိမ်ထိပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO

## သိပ္ပံပညာရှင်များဖန်တီးခဲ့ဖူးသမျှ အကြီးမားဆုံးနှစ်ဖက်တိုင်း စကြဝဠာမြေပုံက ရှာဖွေတွေ့ရှိမှုအသစ်များကြောင့် ပို၍ကြီးမားကျယ်ပြန့်လာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

သိပ္ပံပညာရှင်များ ဖန်တီးခဲ့ဖူးသမျှ အကြီးမားဆုံးနှစ်ဖက်တိုင်း စကြဝဠာမြေပုံသည် ရှာဖွေတွေ့ရှိမှုအသစ်များကြောင့် ပို၍ကြီးမားကျယ်ပြန့်လာကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ခြောက်နှစ်ကြာ အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းစဉ်မှ ရရှိထားသော အချက်အလက်များကြောင့် အဆိုပါ စကြဝဠာမြေပုံ၌ ပါဝင်လာသည့် ကြယ်စုအရေအတွက်မှာ တစ်ဘီလီယံကျော်ထိ ရှိလာသည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

DESI အမည်ရှိ စကြဝဠာလေ့လာစူးစမ်းရေး စီမံကိန်းဖြင့် ထပ်မံတွေ့ရှိခဲ့ရသော ကြယ်စုသစ်သန်း ၄၀ တို့ကြား ကမ္ဘာ့အကြီးဆုံးစကြဝဠာမြေပုံ၌ ကြယ်စုပေါင်း တစ်ဘီလီယံကျော်ထိ ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ DESI စီမံကိန်းမှ ရရှိသည့် အချက်အလက်များကြောင့် စကြဝဠာမြေပုံအရွယ်အစားမှာလည်း ၂၀၀၀၀ စတုရန်းဒီဂရီထိရှိလာကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

DESI စီမံကိန်းမှ အချက်အလက်များမထည့်သွင်းမီက စကြဝဠာမြေပုံ အကျယ်အဝန်းမှာ ၁၄၀၀၀ စတုရန်းဒီဂရီထိသာ ရှိခဲ့ကြောင်း သိရသည်။

လက်ရှိ စကြဝဠာမြေပုံသစ်၏ အရွယ်အစားမှာ ကမ္ဘာဂြိုဟ်ကောင်းကင်၏ ထက်ဝက်ခန့်နှင့် ညီမျှကြောင်း သိရသည်။

KKO

# HEALTH

## စိတ်ကျဝေဒနာဝင်ရောက်မှု အဓိကအကြောင်းတရားက ကိုယ်တွင်းရောင်ရမ်းမှု ဖြစ်နိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၆**

စိတ်ကျဝေဒနာ ဝင်ရောက်ရမှု၏ အဓိကနောက်ခံ အကြောင်းတရားတစ်ရပ်မှာ ကိုယ်တွင်းရောင်ရမ်းမှုဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ရောင်ရမ်းမှုသည် ရောဂါဘယများနှင့် ဒဏ်ရာများအပေါ် လူကိုယ်ခန္ဓာ၏ တုံ့ပြန်မှုပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်နိုင်ငံ ဝစ်ကွန်ဆင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရောင်ရမ်းမှုပြဿနာသည်လည်း စိတ်ကျဝေဒနာဝင်ရောက်မှု၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လက်တွေ့စမ်းသပ်မှုများမှပေါ်ထွက်လာသောရလဒ်များအရ အချို့သောလူနာများ၌ ပေါ်ထွက်ခဲ့သည့် စိတ်ကျဝေဒနာများ၏ နောက်ခံအကြောင်းတရားမှာ ရောင်ရမ်းမှု ဖြစ်နေနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျဝေဒနာ လူနာများအနက် ၃၀ ရာခိုင်နှုန်းတွင် ရောင်ရမ်းမှု မြင့်တက်နေတတ်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် စိတ်ကျဝေဒနာလူနာများ၌ ရောင်ရမ်းမှုမြင့်တက်လာမှုသည် စိတ်ကျန်းမာရေးဆေးဝါးများအပေါ် တုံ့ပြန်မှုအားနည်းသည့်ပြဿနာနှင့်ပါ ဆက်စပ်နေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

KKO

## အမြင်အာရုံဆုံးရှုံးမှုကိုတားဆီးနိုင်မည့်နည်းလမ်းသစ် အမေရိကန်သုတေသနပညာရှင်များ တွေ့ရှိထား

**နယူးယောက် ဖေဖော်ဝါရီ ၂၆**

အမြင်အာရုံ ဆုံးရှုံးမှုများကို တားဆီးနိုင်မည့် နည်းလမ်းသစ်ကို အမေရိကန် သုတေသန ပညာရှင်များက တွေ့ရှိထားကြဖွယ်ရှိကြောင်း Medical Daily သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဗာဂျီးနီးယား တက္ကသိုလ်မှ အမေရိကန် သုတေသနပညာရှင်များသည် အသက်အရွယ်နှင့်ဆက်စပ်သည့် အမြင်အာရုံဆုံးရှုံးမှု၊ ဆီးချိုရောဂါကြောင့် အမြင်အာရုံဆုံးရှုံးမှုကဲ့သို့ ပြဿနာများနှင့် ဆက်စပ်နေသော သွေးကြောထုံးမှုပြဿနာကို တားဆီးနိုင်မည့်နည်းလမ်းတစ်ရပ် တွေ့ရှိထားကြောင်း သိရသည်။

သွေးကြောထုံးမှုပြဿနာသည် VEGE ခေါ် ပရိုတင်းတစ်မျိုး အလွန်အကျွံစုစည်းမိချိန်တွင် ဖြစ်ပွားတတ်ပြီး လက်ရှိကုထုံးများမှာ ၎င်းပြဿနာအတွက် ထိရောက်မှုအားနည်းနေဆဲဖြစ်သည်။

သို့ရာတွင် VEGE ပရိုတင်းများ ဆက်လက်ကြီးထွားရေးအတွက် လိုအပ်သည့်အဓိကပရိုတင်းတစ်မျိုးကို သုတေသန ပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သည့် လက်တွေ့ စမ်းသပ်မှုများအရ အထက်ပါပရိုတင်းကို ပိတ်ပင်ထားခြင်းအားဖြင့် မျက်ကြောလွှာသွေးကြောများအတွင်း VEGE ပရိုတင်းများ ပေါ်ထွက်မှုကိုလျှော့ချနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထိုကဲ့သို့ မျက်ကြောလွှာသွေးကြောများအတွင်းVEGE ပရိုတင်းကိုလျှော့ချရာတွင်လည်း မျက်ကြောလွှာအပေါ် ဘေးထွက်ဆိုးကျိုးများ မရှိခဲ့ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် တိုက်စစ်မှူးဟာလန်း မှတ်တမ်းကောင်းတစ်ရပ်ရရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၂၆**

ဘုန်းမောက်အသင်းနှင့်မန်စီးတီးအသင်းတို့ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် မန်စီးတီးအသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် မန်စီးတီးအသင်းသမိုင်းတွင် ဘောလုံးရာသီတစ်ခုအတွင်း ပရီးမီးယားလိဂ် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က မန်စီးတီးအသင်းတွင် တိုက်စစ်မှူး အဂူရိုက ၂၀၁၄-၂၀၁၅ ဘောလုံးရာသီ တစ်ခုအတွင်း ပရီးမီးယားလိဂ် သွင်းဂိုး ၂၆ ဂိုးထိ သွင်းယူ၍ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသော်လည်း ယခုဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟာလန်းက သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ၂၄ ပွဲတွင် သွင်းဂိုး ၂၇ ဂိုးထိ ရှိလာခဲ့ပြီး တိုက်စစ်မှူးဟောင်းအဂူရို၏ စံချိန်ကိုကျော်ဖြတ်၍ မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် ပြီးခဲ့သည့် နော်တင်ဟမ်အသင်းနှင့် ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်နှင့် လိုက်ပ်ဇစ်အသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တို့တွင် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိသော်လည်း ယခုပွဲစဉ် ပွဲကစားချိန် ၂၉ မိနစ်တွင် ဖိုဒင်၏ ဖန်တီးပေးမှုမှ ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် အသင်းကို ဂိုးပြတ်နိုင်ပွဲရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သောကြောင့် အသင်းအနေဖြင့် လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ML




### ပြင်သစ်လီဂူး ပွဲစဉ် (၂၅) ရလဒ်

| | | | | |
|---|---|---|---|---|
| လိုရီယန့် | ၀ | - | ၁ | အော်ဇေး |
| အေဂျက်စီယို | ၂ | - | ၁ | ထရွိုင်းယက် |
| ကလဲယားမောင့် | ၁ | - | ၁ | စထရာဘော့ |
| နန့်တက် | ၀ | - | ၁ | ရင်းနက် |
| ရိမ်း | ၃ | - | ၀ | တူးလော့ |

### စပိန်လာလီဂါ ပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၃ | ဂျီရိုနာ |
| ဆဲလ်တာဗီဂို | ၃ | - | ၀ | ဗယ်လာဒိုးလစ် **(၀၄၀)** |

### အားကစားသတင်း အတိုအထွာများ

- အေစီမီလန်တိုက်စစ်မှူး ဂီးရော့ဒ်ကအသင်းနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးနေသော်လည်း ပရီးမီးယားလိဂ်တွင် ပြန်လည်ကစားလိုကြောင်း ပြောကြားခဲ့သောကြောင့် ဝက်စ်ဟမ်း၊ ဖူလ်ဟမ်၊ ပဲလေ့စ်၊ ဘရန့်ဖို့ဒ်အသင်းတို့က ခေါ်ယူရန် စောင့်ကြည့်နေကြောင်း သိရသည်။
- ဆော်ဒီအာရေဗျကလပ်အယ်နာဆာအသင်းတွင် ကစားနေသည့် တိုက်စစ်မှူး စီရော်နယ်ဒိုက ဒါမက်ခ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ်ဂိုးသွင်းယူ၍ အသင်းကို အမှတ်ပေးဇယားထိပ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ML

# မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) တွင် လက်ရှိချန်ပီယံ VUC အသင်း နိုင်ပွဲရရှိ




**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံ သဲသောင်ပြင်နှင့် ဖူဆယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ကာ MFF Futsal Stadium တွင် ကျင်းပခဲ့ပြီး လက်ရှိချန်ပီယံ VUC အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

ဦးစွာ နံနက်ပိုင်းက Generation FC အသင်းနှင့် AMM Brothers FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Generation FC အသင်းက ကိုးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ လက်ရှိချန်ပီယံ VUC အသင်းနှင့် Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC အသင်းက သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ MFF U-18 အသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ Winner Soccer အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် ကစားခဲ့သည့်ပွဲစဉ်များတွင် MIU အသင်းနှင့် AKG အသင်းတို့ ကစားခဲ့ရာ MIU အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ Futsal Chit Thu အသင်းနှင့် Futsal 19 အသင်းတို့ ကစားခဲ့ရာ Futsal Chit Thu အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပွဲစဉ်များကို လာမည့် မတ် ၂ ရက်တွင် နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဂိုးသမား နူဘာယ်၏နေရာတွင် အစားထိုးနိုင်သည့် ဂိုးသမားတစ်ဦးခေါ်ယူမည်ဟု မိုနာကိုအသင်းထုတ်ပြန်

**မက်ဒရစ် ဖေဖော်ဝါရီ ၂၆**

မိုနာကိုအသင်းသည် ယူရိုပါလိဂ် (၃၂) သင်းအဆင့်တွင် ဂျာမန်ကလပ် လေဗာကူဆင်အသင်းအား ရှုံးနိမ့်ခဲ့ပြီးနောက် ဂိုးသမားနူဘာယ်၏ နေရာတွင် အစားထိုးနိုင်ရန် ဂိုးသမားသစ်တစ်ဦးရှာဖွေသွားမည်ဖြစ်ကြောင်း France Football news သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုနာကိုအသင်းသည် ဂိုးသမားနူဘာယ်ကိုဘိုင်ယန်မြူးနစ်အသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသော်လည်း ယခုနှစ်ဘောလုံးရာသီကုန်တွင် အပြီးသတ်ခေါ်ယူခွင့် သို့မဟုတ် အငှားထပ်မံခေါ်ယူရန် ဆွေးနွေးမှု ပြုလုပ်နေသော်လည်း နူဘာယ်ကို အဓိကပြိုင်ပွဲများတွင် အသုံးပြုနိုင်ရန် ယုံကြည်မှုမရှိသောကြောင့် ဂိုးသမားသစ်တစ်ဦးထပ်မံခေါ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ နူဘာယ်သည် မိုနာကိုအသင်းတွင် ဦးစားပေးဂိုးသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ယခုနှစ်အမှတ်ပေးပြိုင်ပွဲ ၂၄ ပွဲပါဝင်ကစားခဲ့ရာတွင်Clean sheet ခုနစ်ကြိမ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းအားအမှတ်ပေးဇယားအဆင့် (၃) သို့ ရောက်ရှိအောင် အဓိကနေရာမှ ပါဝင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက အပြီးသတ်ခေါ်ယူခွင့်ရရန် ဆုံးဖြတ်ထားသော်လည်း ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ပထမအကျော့၌ သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယအကျော့အိမ်ကွင်းတွင် သုံးဂိုးနှစ်ဂိုးဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသောကြောင့် ဂိုးသမားနူဘာယ်၏ စွမ်းဆောင်ရည်အပေါ် အသင်းတာဝန်ရှိသူများက ယုံကြည်မှု ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းဂိုးနည်းပြကလည်း နူဘာယ်အားအသင်းသို့ ပြန်လည်ခေါ်ယူမည့် အစီအစဉ်မရှိဘဲ ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဂလာဘတ်ဂိုးသမား ဆွန်မာကို ထပ်မံခေါ်ယူကာဒဏ်ရာကြောင့် အနားယူနေရသည့် ပွဲထွက်ဂိုးသမား နူအာ၏နေရာတွင် အစားထိုးခဲ့ကြောင်း သိရသည်။

ML

# လာမည့်နွေရာသီအပြောင်းအရွှေ့တွင် ဘရိုဇိုဗစ်ကိုရောင်းချမည်ဟု အင်တာမီလန်အသင်းပြောကြား

**မီလန် ဖေဖော်ဝါရီ ၂၆**

အင်တာမီလန် အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပိုင်းကျဆင်းလာသည့် ဘရိုဇိုဗစ်ကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ရောင်းချသွားမည်ဟု ပြောကြားခဲ့ကြောင်း Gazzetta.it က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ အင်တာမီလန်အသင်းတွင် ကွင်းလယ်ကစားသမား ကယ်ဟာနိုဂလူက ပုံစံကောင်းပြသ၍ အသင်း၏ ကွင်းလယ်ပိုင်း၌ အဓိက ကစားသမားအဖြစ် ပါဝင်နေသောကြောင့် အသင်းတာဝန်ရှိသူများက အသင်း၏ ကစားပုံကို ပြောင်းလဲရန် ပြင်ဆင်နေပြီး ဘရိုဇိုဗစ်ကို လာမည့်နွေရာသီတွင် အရောင်းစာရင်း တင်သွင်း၍ ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၃၀ ရှိ ဘရိုဇိုဗစ်သည် ၂၀၁၅ ခုနှစ်က ဒိုင်နမိုဇာဂရက်အသင်းမှ အင်တာမီလန်အသင်းသို့ ရောက်ရှိခဲ့ပြီး ကွင်းလယ်ပိုင်းတွင် ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် အဓိက ကစားသမားအဖြစ်ပါဝင်ခွင့် ရခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာမကြာခဏရရှိနေသည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း ရှစ်ပွဲသာပွဲထွက်ခွင့်ရရှိခဲ့ပြီး ၎င်းပါဝင်သည့် ပွဲစဉ်များတွင် အသင်းအနေဖြင့် ရလဒ်ကောင်းရရန် ရုန်းကန်နေရသောကြောင့် အားကစားဒါရိုက်တာ အင်ဇာဂီက ဘရိုဇိုဗစ်၏နေရာတွင် အစားထိုးနိုင်သည့် အသက် ၂၉ နှစ်ရှိ ကယ်ဟာနိုဂလူကိုသာ အနာဂတ်စီမံကိန်းတွင် ထည့်သွင်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဘရိုဇိုဗစ်သည် အသင်းနှင့်လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း အသင်းအနေဖြင့် ငွေကြေးသုံးစွဲမှု လျှော့ချနိုင်ရန်အတွက် ၎င်းကိုရောင်းချကာ အသင်း၏ဘဏ္ဍာရေးအခြေအနေကို ထိန်းညှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) တွင် ဒဂုံစတားအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ဒဂုံစတား အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် သွင်းဂိုးများဖြင့် ဒဂုံစတားအသင်းက လေးဂိုး သုံးဂိုး ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှု မရှိဘဲ အပြန်အလှန်တိုက်စစ်ဖွင့် ကစားခဲ့ကြပြီး ပွဲချိန် ငါးမိနစ်တွင် ဝေယံဖြိုးက ဒဂုံစတားအသင်း အတွက် ဦးဆောင်ဂိုးစတင်သွင်းယူ နိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက် ပိုင်း ရခိုင်ယူနိုက်တက်အသင်းက လည်း ပြန်လည်တိုက်စစ်ဆင်ဖိအား ပေးကစားခဲ့ရာမှ ပွဲချိန် ၄၂ မိနစ် တွင် သီဟထက်အောင်က ပင်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်း ယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ် တွင် စစ်မှန်းက ဒဂုံစတားအသင်း အတွက် ဦးဆောင်ဂိုးပြန်လည် သွင်းယူနိုင်ခဲ့သောကြောင့် ပထမ ပိုင်းအပြီးတွင် ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ပိုမို တိုက်စစ်မြှင့်ကစားလာခဲ့ကြ သည့်အတွက် ပွဲချိန် ၅၂ မိနစ်တွင် ဝေလင်းအောင်က ဒဂုံစတား အသင်းအတွက် တတိယဦးဆောင် ဂိုးသွင်းယူနိုင်ခဲ့ပြီး ရခိုင်ယူနိုက် တက်အသင်းကလည်း ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပိုမိုတိုက် စစ်ဆင်ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် ၇၃ မိနစ်တွင်သန်းကျော်ဌေး က ချေပဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ သော်လည်း ငါးမိနစ်အကြာ ၇၈ မိနစ်တွင် ဇော်လင်းဦးက ဒဂုံစတား အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး အကြိတ်အနယ် ရှိခဲ့ရာ ပွဲချိန် မိနစ် ၈၀ တွင် သန်းကျော်ဌေးကပင် ရခိုင်ယူနိုက် တက်အသင်းအတွက် ချေပဂိုး တစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့သည့် အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံ စတားအသင်းက ရခိုင်ယူနိုက်တက် အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

STA

# The Honda Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို ခရစ်ကစ် ဦးဆောင်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါ ပြည်နယ်တွင် ကျင်းပနေသည့် The Honda Classic ဂေါက်သီး ရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက် ကစား သမားခရစ်ကစ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက် ကစားသမားတစ်ဦးဖြစ်သည့် အဲရစ် ကိုးကစုစုပေါင်းသတ်မှတ်ရိုက်ချက် ထက် ၁၁ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ တွင် ရပ်တည်နေပြီး တစ်နိုင်ငံ တည်းသား ကစားသမားတစ်ဦးပင် ဖြစ်သည့် ဂျက်စတင်ဆူကစုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက် ရှိသည်။

ဂျက်စတင်ဆူသည် ဒုတိယနေ့ အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော်လည်း တတိယ နေ့တွင် ရလဒ်များ ကျဆင်းကာ အမှတ်ပေးဇယား၏ တတိယနေရာ ထိ ရောက်ရှိခဲ့သည်။

ခရစ်ကစ်က "ဒုတိယနေ့နဲ့ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ ပုံစံက အားရကျေနပ်စရာကောင်းပါ တယ်။ Swing ရိုက်ချက်တွေလဲ တော်တော်လေး ကောင်းခဲ့ပါတယ်။ ပထမနေ့တစ်ရက်တည်းလောက်ပဲ ရလဒ်ကောင်းရဖို့ ရုန်းကန်ခဲ့ရတာ ပါ။ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ ပုံစံကိုတော့ အားရမှုအရှိဆုံးပါပဲ။ အထူးသဖြင့် ၁၈ ကျင်းမြောက်မှာ ကစားနိုင်ခဲ့တဲ့ ပုံစံကိုတော်တော် လေး အားရကျေနပ်မိပါတယ်။ နောက်ဆုံးနေ့ကတော့ အဆုံးအဖြတ် နေ့ဖြစ်သလို အောင်မြင်မှုပြန်ရဖို့ အတွက် နောက်ဆုံးနေ့မှာ ရလဒ် ကောင်းကို ဆက်ထိန်းနိုင်ဖို့ လိုအပ် ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# Qatar Open တင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို မျက်ဒဗျက် ဆွတ်ခူး

**ဒိုဟာ ဖေဖော်ဝါရီ ၂၆**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် Qatar Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရုရှား တင်းနစ်ကစားသမား မျက်ဒဗျက်နှင့် ဗြိတိန်တင်းနစ် ကစားသမား အင်ဒီမာရေးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိ ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Tennis 265 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ဒဏ်ရာ ပြဿနာများကြောင့် ကာလရှည် အနားယူခဲ့ရပြီး အောင်မြင်မှုများ ဖြင့် လွဲချော်နေရသည့် အခြေအနေ ကို ကျော်လွှားနိုင်ရေးအတွက် Qatar Open တင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံး ကြိုးစားကစားခဲ့ သော်လည်း ဗိုလ်လုပွဲစဉ်တွင် မျက်ဒဗျက်က အဘက်ဘက်မှ အသာစီးရယူကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

Qatar Open တင်းနစ်ပြိုင်ပွဲ သည် မျက်ဒဗျက်အတွက် ကမ္ဘာ့ အဆင့် (၁) နေရာအားဆုံးရှုံးခဲ့ရပြီး နောက်ပိုင်းဆုဖလား ပြန်လည် ရရှိခဲ့သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ခဲ့သည်။



အင်ဒီမာရေးက "ဒဏ်ရာကနေ သက်သာလာခဲ့ပြီး နောက်ပိုင်းမှာ ရလဒ်ကောင်းရဖို့အတွက် တော် တော်လေးကို ရုန်းကန်ခဲ့ရပါတယ်။ Qatar Open တင်းနစ်ပြိုင်ပွဲက တော့ ကျွန်တော့်အတွက် ဒဏ်ရာ ရခဲ့ပြီးနောက်ပိုင်း အကောင်းဆုံး ကစားနိုင်ခဲ့တဲ့ ပြိုင်ပွဲတစ်ရပ်ဖြစ် ခဲ့ပါတယ်။ ကာတာမှာကစားခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ အရမ်းလဲ ပျော်ရွှင်ခဲ့ရပါတယ်။ ဗိုလ်လုပွဲစဉ် မှာရလဒ်မကောင်းခဲ့ပေမဲ့ ဗိုလ်လု ပွဲစဉ်မတိုင်မီကစားခဲ့တဲ့ ပွဲစဉ်တိုင်း မှာတော့ အကောင်းဆုံးကစားနိုင်ခဲ့ တယ်။ ဒီလိုအဆင့်မျိုးနဲ့မကစားနိုင် ခဲ့တာ တော်တော်လေးကြာခဲ့ပါပြီ။ မျက်ဒဗျက်ဟာ ကျွန်တော် အနှစ် သက်ဆုံး ကစားသမားတွေ ထဲမှာ ပါဝင်ပါတယ်။Qatar Open တင်းနစ်ပြိုင်ပွဲမှာလဲ မျက်ဒဗျက်က အကောင်းဆုံး ကစားသမား တစ်ယောက်ပါ။ မျက်ဒဗျက်လို အဆင့်မြင့်တဲ့ ကစားသမား တစ်ယောက်နဲ့ ဗိုလ်လုပွဲစဉ်မှာ ယှဉ်ပြိုင် ကစားခွင့်ရခဲ့တာကိုလဲ ဝမ်းသာဂုဏ်ယူပါတယ်။ အခု လောလောဆယ်တော့ အနားယူ အုံးမယ်။ ဘယ်ပြိုင်ပွဲတွေမှာ ပါဝင် ယှဉ်ပြိုင်ဖြစ်မလဲ ဆိုတာတော့ အခြေအနေပေါ်မူတည်ပါတယ်။ ဘယ်ပြိုင်ပွဲမှာ ဝင်ပြိုင်ပွဲမယ်ဆိုတာ ကိုဆုံးဖြတ်ချက်တော့ မချရသေး ပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# IBF ဂျူနီယာဝဲလ်တာဝိတ်တန်း ချန်ပီယံဆုကို ပွာတိုရီကိုလက်ဝှေ့သမား ဆပ်ဘာရီရယ်လ် ဆွတ်ခူး

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

IBF ဂျူနီယာဝဲလ်တာဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ပွာတိုရီကို လက်ဝှေ့သမား ဆပ်ဘာရီရယ်လ်နှင့် အာဂျင်တီးနား လက်ဝှေ့သမား ဂျာရီမီယက်စ်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ မင်နီဆိုတာ ပြည်နယ်၌ ထိုးသတ်သွားခဲ့ရာ ဆပ်ဘာရီရယ်လ်က ပဥ္စမမြောက် အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင် ရရှိကာ ချန်ပီယံခါးပတ်ကို ဆွတ်ခူး ခဲ့ကြောင်း News Rebeatသတင်း ဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆပ်ဘာရီရယ်လ်သည် ပြိုင်ဘက် များအား ဒိုင်ပွဲရပ်ရလဒ်၊ အလဲထိုး ရလဒ်များဖြင့်သာ အနိုင်ရခဲ့သည့် မှတ်တမ်းကောင်း တစ်ရပ်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဆပ်ဘာရီရယ်လ်သည် ပရော် ဖက်ရှင်နယ် လက်ဝှေ့သမားအဖြစ် ကူးပြောင်းလာခဲ့ပြီးနောက် စိန်ခေါ် ပွဲပေါင်း ၂၀ ထိုးသတ်ထားကာ ရှုံးပွဲတစ်ပွဲသာရှိသည့် လက်ဝှေ့ သမားတစ်ဦးဖြစ်ပြီး အနိုင်ရခဲ့သော စိန်ခေါ်ပွဲ ၁၉ ပွဲစလုံး၌ ဒိုင်ပွဲရပ် ရလဒ်၊ အလဲထိုးရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ဆပ်ဘာရီရယ်လ်အား ရှုံးနိမ့်ခဲ့ သည့် ဂျာရီမီယက်စ်သည်လည်း ပရော်ဖက်ရှင်နယ် လက်ဝှေ့ လောကတွင် စိန်ခေါ်ပွဲပေါင်း ၃၁ ပွဲထိုးသတ်ထားပြီး ဆပ်ဘာရီရယ်လ် နှင့်ပွဲစဉ်တွင် ရှုံးပွဲမရှိစံချိန်ရပ်တန့် ခဲ့ရသည်။

ဂျာရီမီယက်စ် အနေဖြင့် ဆပ်ဘာရီရယ်လ်ကို အနိုင်ရရှိရန် ရေပန်းစားခဲ့သော်လည်း ဆပ်ဘာရီ ရယ်လ်က စိန်ခေါ်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်လာခဲ့သလို ကြိုးဝိုင်းအတွင်း၌လည်း ချန်ပီယံဆု ကို ဆွတ်ခူးနိုင်သည့် စွမ်းဆောင် ရည်မျိုးပြသသွားနိုင်ခဲ့သည်။

ဂျာရီမီယက်စ်က "ကျွန်တော် အမေရိကန်ကိုလာခဲ့တာဟာ နိုင်ပွဲ ယူဖို့ လာခဲ့တာပါ။ ဒါပေမဲ့လဲ အဆင်မပြေခဲ့ဘူး။ ကျွန်တော့် အတွက် တော်တော်ကိုခက်ခဲခဲ့တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ အရှုံးမပေး ချင်ခဲ့သလို ရှုံးပွဲမရှိသေးတဲ့ စံချိန် ရပ်တန့်ခဲ့ရတာ နာကျင်မိပါတယ်။ အဓိကကတော့ အန္တရာယ်ရှိတဲ့ ထိခိုက်မှုမျိုးမဖြစ်ဖို့ပါပဲ။ ကျန်းမာ ရေးက အရေးကြီးဆုံးပဲ။ ရှုံးနိမ့်ခဲ့ ရပေမဲ့လဲ ကြီးကြီးမားမားဒဏ်ရာ မရခဲ့လို့ ဝမ်းသာပါတယ်" ဟု ပြော ကြားခဲ့ကြောင်း သိရသည်။ AZL

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတွင် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြ ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များ တက်ရောက်ကြည့်ရှုအားပေး ခဲ့ကြသည်။

ဦးစွာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲက ရန်ကုန်ဇုန် အသင်းနှင့် မကွေးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ဇုန် အသင်းက ငါးဂိုး လေးဂိုးဖြင့်လည်း ကောင်း၊ ညနေ ၃ နာရီက မော်လမြိုင်ဇုန်အသင်းနှင့်ပုသိမ်ဇုန် အသင်းတို့ကစားခဲ့ရာ ပုသိမ်ဇုန် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်း ကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ ကြသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ တတိယလု ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် မကွေးဇုန်အသင်းနှင့် မော်လမြိုင် ဇုန်အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ရန်ကုန်ဇုန် အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်း အနားကို ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။ STA

**ပရီးမီးယားလိဂ်ပွဲစဉ် (၂၅) ရလဒ်**

| | | | |
|---|---|---|---|
| စပါး | ၂ - ၀ | ချဲလ်ဆီး | |

**အီတလီစီးရီးအေပွဲစဉ် (၂၄) ရလဒ်**

| | | | |
|---|---|---|---|
| ဘိုလော့ဂ်နာ | ၁ - ၀ | အင်တာမီလန် | |
| ဆလာနီတာနာ | ၃ - ၀ | မွန်ဇာ | (၀၄၀) |

# EU ကုမ္ပဏီများအတွက် အခွင့်အလမ်းများယူဆောင်လာသော BRI




တရုတ်နိုင်ငံ၌ စီးပွားရေးလုပ်ကိုင်နေသော ဥရောပသမဂ္ဂ(EU)ကုမ္ပဏီများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ဝင်ငွေ ၄၀ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပြီး နိုင်ငံအနောက်တောင်ပိုင်းဒေသတွင် လုပ်ငန်းလည်ပတ်နေသောကုမ္ပဏီများသည် ဝင်ငွေ ၅၂ ရာခိုင်နှုန်း ရရှိခဲ့သည်ဟုဆိုသည်။ လုပ်သာကိုင်သာရှိသော မူဝါဒများ၊ ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးဝန်းကျင်နှင့် အလျင်အမြန်တိုးတက်လာသော စားသုံးသူဈေးကွက်တို့ကြောင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသသည် EU ရင်းနှီးမြှုပ်နှံသူများအတွက် ရွေးချယ်စရာနေရာသစ်တစ်ခု ဖြစ်လာသည်ဟု ဥရောပသမဂ္ဂ ကုန်သည်ကြီးများအသင်း (EUCCC) ဥက္ကဋ္ဌက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသွားခဲ့သည်။

EUCCC သည် ကုမ္ပဏီ ၅၈၅ ခု၏ ၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်ချက်များနှင့်အနာဂတ်အလားအလာတို့ကို စစ်တမ်းကောက်ယူခဲ့သည်။ EUCCC သည် တရုတ်နိုင်ငံတွင် လုပ်ကိုင်နေသော EU စီးပွားရေးလုပ်ငန်းများ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သောကြောင့် ဥရောပကော်မရှင်နှင့်တရုတ်အစိုးရတို့က အသိအမှတ်ပြုထားသော အသင်းကြီးတစ်ခုပင်ဖြစ်သည်။ လက်ရှိအချိန်တွင် ၎င်းအသင်းကြီးကို EU စီးပွားရေးလုပ်ငန်း ၁၇၀၀ ကျော်ဖြင့်ဖွဲ့စည်းထားရှိပြီး တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် တရုတ်ဈေးကွက်သည် EU ကုမ္ပဏီများကို ဆွဲဆောင်လျက်ရှိသည်။ တရုတ်နိုင်ငံသည် တိုင်းပြည်အတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အလျင်အမြန်ထိန်းချုပ်နိုင်ခဲ့သောကြောင့် စီးပွားရေးပြန်လည်ဦးမော့လာခဲ့သည်။ ထို့ပြင် အစိုးရထံမှ ဘဏ္ဍာငွေအထောက်အပံ့နှင့် မူဝါဒပိုင်းဆိုင်ရာဖြည့်ဆည်းမှုများကြောင့် တရုတ်ဈေးကွက်သည် EU နိုင်ငံများနှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တို့အတွက် ဒေါက်တိုင်တစ်ခုဖြစ်လာခဲ့သည်။ ဆိုရလျှင် တရုတ်နိုင်ငံတွင် လုပ်ငန်းလည်ပတ်နေသော EU ကုမ္ပဏီများ၏ ၅၁ ရာခိုင်နှုန်းသည် ကမ္ဘာ့ပျမ်းမျှဈေးကွက်ထက် ကျော်လွန်လျက်ရှိသည်။

**မတူကွဲပြားသောရင်းနှီးမြှုပ်နှံမှုများ**

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံတွင် EU ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုသည် သိသိသာသာ ပြောင်းလဲလာခဲ့သည်။ EU ကုမ္ပဏီများသည် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်လာကြသည်။ တရုတ်ဈေးကွက်သည် ပြင်ပကမ္ဘာကြီးအတွက် တံခါးဖွင့်ထားသည့်အချိန်တွင် EU စီးပွားရေးလုပ်ငန်းများသည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမျိုးစုံ လုပ်ဆောင်လာခဲ့ရာ ဘဏ္ဍာရေးဆိုင်ရာများ၊ စက်ယန္တရားများအပြင် အခြားသော နယ်ပယ်ပေါင်းစုံတို့ ပါဝင်သည်။

EU ကုမ္ပဏီများသည် တရုတ်ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် လုပ်ဆောင်လာခဲ့သည်။ အထူးသဖြင့် EU ကုမ္ပဏီများသည် ပူးတွဲရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်း၊ တရုတ်နိုင်ငံတွင် အရောင်းကွင်းဆက်ဖြန့်ဖြူးမှုများ ရွှေ့ပြောင်းဆောင်ရွက်ခြင်း၊ ဈေးကွက်ထိန်းချုပ်မှုများ မျှဝေဆောင်ရွက်ခြင်းများ ပိုမိုလုပ်ဆောင်လာခဲ့သည်။ ကုမ္ပဏီတစ်ခုသည် တရုတ်နိုင်ငံတွင် ခိုင်မာအားကောင်းသော ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ထားခြင်းမရှိလျှင် ကမ္ဘာလုံးအတိုင်းအတာဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိဟုဆိုသော ဘုံသဘောထားကို အားလုံးလက်ခံထားကြပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ ကုမ္ပဏီ ၇၅ ရာခိုင်နှုန်းခန့်သည် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် တိုးတက်မှု အသင့်အတင့်ရှိခဲ့ပြီး လက်ကားအရောင်းလုပ်ငန်းများနှင့် မော်တော်ကားလုပ်ငန်းများသည် အကျိုးအမြတ် အများဆုံးရရှိခဲ့သည်။ လက်ကားအရောင်းလုပ်ငန်း သုံးပုံ၊ တစ်ပုံခန့်သည် ဝင်ငွေတိုးတက်မှု ၂၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ၃၀ ရာခိုင်နှုန်းသည် တရုတ်ကုမ္ပဏီများနှင့် ပူးတွဲရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ထို့ပြင် ၂၅ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံတွင် အရောင်းကွင်းဆက်ဖြန့်ဖြူးရေးလုပ်ငန်းများ ရွှေ့ပြောင်းလုပ်ဆောင်သွားရန် ရည်ရွယ်ထားကြသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် လုပ်သာကိုင်သာရှိသော မူဝါဒများရှိခြင်း၊ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် ပတ်ဝန်းကျင်ကောင်းရှိခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သောကြောင့် EU ကုမ္ပဏီများသည် အဆိုပါဒေသကို ရင်းနှီးမြှုပ်နှံမှုနေရာသစ်အဖြစ် ရွေးချယ်လာခဲ့သည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း စီးပွားရေးနှင့်လူဦးရေအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကုန်းမြေနှင့်ပင်လယ် စကြိုလမ်း၊ တရုတ်-ဥရောပကုန်တင်ရထားဝန်ဆောင်မှုနှင့် Tianfu International Airport လေဆိပ်တို့ကဲ့သို့သော ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်လာသည့်အပြင် ကောင်းမွန်သော အုပ်ချုပ်ထောက်ပံ့မှုနှင့် ဈေးကွက်များလည်းတည်ငြိမ်လာခဲ့သည်။ ပထဝီအနေအထားဆိုင်ရာအားသာချက်များကြောင့် တရုတ်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသသည် တရုတ်ကုမ္ပဏီများကို ဥရောပနိုင်ငံများနှင့် တရုတ်အရှေ့ဘက်ကမ်းခြေရှိမြို့များနှင့် ချိတ်ဆက်နိုင်ရေးအတွက် အရေးပါသောနေရာအဖြစ် အထောက်အကူပြုသွားတော့မည်ဖြစ်သည်။

အခြေခံအဆောက်အအုံများ ချိတ်ဆက်နိုင်မှုသည် ပြည်သူများသွားလာနိုင်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ခုပင် ဖြစ်သည်။ တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသတွင် EU ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် လက်ရှိအချိန်တွင် ပိုမိုကျယ်ပြန့်လာသောကြောင့် ၎င်းဒေသသည် ကုန်ထုတ်လုပ်မှု အခြေစိုက်နေရာနှင့် အရေးပါသော အရောင်းဈေးကွက်ဗဟိုစင်တာ ဖြစ်လာတော့သည်။ ထို့ပြင် ချန်ဒူးဒေသသည် ဆွဲဆောင်မှုရှိသောနေရာဖြစ်ပြီး လှပသောသဘာဝပတ်ဝန်းကျင်နှင့် အရသာရှိသော အစားအစာများလည်း ရရှိနိုင်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကုန်သည်ကြီးများအသင်းချုပ်ဌာနခွဲတွင် ကုမ္ပဏီ ၂၀၀ ကျော်ရှိပြီး နှစ်စဉ် ကုမ္ပဏီအရေအတွက် တိုးတက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကုမ္ပဏီ ၁၄ ရာခိုင်နှုန်းခန့်သည် စီးပွားရေးလုပ်ငန်းအသစ်များဆောင်ရွက်ခဲ့ပြီး ရက်သတ္တနှစ်ပတ်အတွင်း ကုမ္ပဏီ ၂၉ ရာခိုင်နှုန်းသည် လုပ်ငန်းမှတ်ပုံတင်နိုင်ခဲ့သည်။ အဆိုပါ ကိန်းဂဏန်းအချက်အလက်များသည် ဒေသဆိုင်ရာအစိုးရ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် EU ကုမ္ပဏီများ၏ရင်းနှီးမြှုပ်နှံမှု အလားအလာရှိကြောင်းကို ဖော်ပြလျက်ရှိသည်။

**ဆန်းသစ်တီထွင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု**

တရုတ်-ဥရောပ ကုန်တင်ရထားခရီးစဉ်ပြေးဆွဲမှုနှင့် တရုတ်နိုင်ငံ အနောက်ပိုင်းတွင် ကုန်းမြေ-ပင်လယ်စကြိုလမ်း တည်ဆောက်ခြင်းတို့သည် EU စီးပွားရေးလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည့်အပြင် ကုန်စည်တင်ပို့ရာတွင် စွမ်းဆောင်ရည် ပိုမိုတိုးတက်လာခဲ့သည်။ စစ်တမ်းများအရ EU စီးပွားရေးလုပ်ငန်း ၁၄ ရာခိုင်နှုန်းသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI) ရှိ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ လက်ရှိအချိန်တွင် EU စီးပွားရေးလုပ်ငန်းများသည် BRI တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန် စိတ်အားထက်သန်လာကြသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ နှေးကွေးလျက်ရှိသော်လည်း BRI မူဘောင်အောက်တွင် ဥရောပနှင့် တရုတ်စီးပွားရေးလုပ်ငန်းများသည် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ပေသည်။

၂၀၂၁ ခုနှစ် စီးပွားရေးယုံကြည်မှုစစ်တမ်းအရ စီးပွားရေးလုပ်ငန်း ၆၈ ရာခိုင်နှုန်းခန့်သည် လာမည့်နှစ်နှစ်အတွင်း တိုးတက်မှုများရှိလာနိုင်သည်ဟု အပြုသဘောဆောင်စွာ မျှော်မှန်းထားကြောင်း၊ ၂၀ ရာခိုင်နှုန်းကမူ နှစ်စဉ် တိုးတက်မှုများရှိလာနိုင်ကြောင်း၊ ၂၃ ရာခိုင်နှုန်းကမူ ပြီးပြည့်စုံသော စီးပွားရေးမိတ်ဖက် (RCEP)ထူထောင်နိုင်ခြင်းသည် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများ ရှိစေမည်ဖြစ်ကြောင်း၊ ၆၇ ရာခိုင်နှုန်းကမူ တရုတ်နိုင်ငံသည် RCEP လက်မှတ်ရေးထိုးထားသော နိုင်ငံများသို့ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့သွားလိမ့်မည်ဖြစ်ကြောင်းနှင့် ၂၉ ရာခိုင်နှုန်းကမူ နှစ်စဉ်ဝင်ငွေမှ ၁၀ ရာခိုင်နှုန်းခန့် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်သွားရန် ပြင်ဆင်ထားကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုတွင် ၃၀ ရာခိုင်နှုန်းခန့်ပါဝင်ခဲ့ပြီး အဆိုပါကိန်းဂဏန်းသည် အနာဂတ်တွင် ပိုမိုတိုးတက်လာဖွယ်ရာရှိသည်။ တရုတ်ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် တိုးတက်လာသောကြောင့် ၎င်းတို့၏နေ့စဉ်လိုအပ်ချက်များနှင့် ကျန်းမာရေးထုတ်ကုန်များသည် ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် EU ကုမ္ပဏီများကို ပိုမိုဆွဲဆောင်လာစေမည်ဖြစ်သည်။ EU ကုမ္ပဏီများသည် အလားအလာကောင်းများရှိနေသောကြောင့် တရုတ်ဈေးကွက်ကို ဆက်လက်ထိန်းချုပ်ထားမည့်အပြင် တရုတ်နိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးချဲ့လုပ်ဆောင်လာလျက်ရှိသည်။

တရုတ်နိုင်ငံ၏ ဆန်းသစ်တီထွင်နိုင်မှုစွမ်းဆောင်ရည်သည် နှစ်စဉ်တိုးတက်လျက်ရှိပြီး ၇၂ ရာခိုင်နှုန်းခန့်သောကုမ္ပဏီများက တရုတ်စီးပွားရေးလုပ်ငန်းများသည် ဥရောပလုပ်ငန်းများကဲ့သို့ ဆန်းသစ်တီထွင်မှုရှိသည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်ဆိုင်ရာစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်ရန် အခြေခံကောင်းများရှိလာမည်ဖြစ်သည်။

၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်လုံးဝလျှော့ချသွားမည့် တရုတ်နိုင်ငံ၏ ကတိကဝတ်ကို စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများလေ့လာနေသည့် EU ကုမ္ပဏီများက လက်ကမ်းကြိုဆိုခဲ့သည်။ တရုတ်အစိုးရသည် လွန်ခဲ့သောနှစ်များအတွင်း သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် များစွာပါဝင်ဆောင်ရွက်ခဲ့သည်။ သို့သော် ကာဗွန်လုံးဝလျှော့ချရေးပန်းတိုင်သည် ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး နိုင်ငံအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။ ဆိုရလျှင် ဥရောပနှင့်တရုတ်နိုင်ငံတို့၏ဆက်ဆံရေးသည် ပိုမိုနီးကပ်လာပြီဖြစ်သည်။ နှစ်ဖက်စလုံးသည် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်း၊ ကာဗွန်လျှော့ချခြင်းနှင့် ပြည်သူများကြား အပြန်အလှန်လည်ပတ်မှုတို့ကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာလျက်ရှိပေသည်။

**ကိုးကား**

- BRI Brings New Opportunities to EU Companies by Chia Today.

**ဝင်းဇင်(သုတေသန)**

# မိုးမောက်မြို့နယ် ခုံဆင့်ဟောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးမောက် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခုံဆင့်ဟောင်းကျေးရွာ၌ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ခုံဆင့်ဟောင်းကျေးရွာ၌ အနက်ပေ ၃၀၀ ရှိ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ နှစ်လက်မ PVC ရေပိုက် နှစ်မိုင်သွယ်တန်းခြင်းနှင့် ရေတိုင် အခု ၁၀၀ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ခုံဆင့်ဟောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းကို တင်ဒါအောင်မြင်သည့် မနော ရွှေစံအိမ်ကုမ္ပဏီက ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်းဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ခုံဆင့်ဟောင်းကျေးရွာနေ ပြည်သူများအပြင် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက်ပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်ထံမှ သိရသည်။ **မင်းမြင့်မိုရ်**

# တောင်းဆုတစ်ခုပြည့်စေသား ရုပ်ရှင်ဇာတ်ကား မတ်လအတွင်း ရုံတင်ပြသမည်ဟု ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ) ပြော




**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

တောင်းဆုတစ်ခုပြည့်စေသား ရုပ်ရှင်ဇာတ်ကားကို လာမည့် မတ်လအတွင်း နိုင်ငံတစ်ဝန်းရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ပြောပြ၍ သိရသည်။

တောင်းဆုတစ်ခုပြည့်စေသား ရုပ်ရှင်ဇာတ်ကားသည် မိုးစက်ဝိုင်၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ စတီးလ်(ဒွေးမေတ္တာ)က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ၂၀၁၇ ခုနှစ်က ပြင်ဦးလွင်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားရဲ့ ဇာတ်လမ်းလေးကို ကျွန်တော်က နန်းခင်ဇေယျာကို ပြောပြချိန်မှာ သူက ဒီဇာတ်လမ်းလေးကို သဘောကျပြီး ကိုယ်တိုင်ထုတ်လုပ်ခဲ့တာပါ။ ကိုဗစ်ဖြစ်ပြီးနောက်ပိုင်းမှာ နန်းခင်ဇေယျာက Triple Six ထုတ်လုပ်ရေးကို ရောင်းချလိုက်တဲ့အတွက် အခု ဒီဇာတ်ကားရဲ့ထုတ်လုပ်သူက Triple Six ထုတ်လုပ်ရေးဖြစ်ပါတယ်။ အခုရုံတင်ဖို့ဖြစ်လာပြီး ဖေဖော်ဝါရီ ၂၅ ရက်က **Red Carpet Show** လုပ်တာပါ။ ဒီဇာတ်ကားက ကိုဧပဒေကိုကျင့်သုံးရင် မကောင်းတဲ့အကျိုးဆက်တွေပဲ ဖြစ်လာမယ်ဆိုတာကို ပြထားတာပါ။ နောက်ပြီး လူနှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာနဲ့အတူ လူနှစ်ယောက်ကြားမှာဖြစ်လာတဲ့ အငြိုးအတေးတွေကို ဇာတ်လမ်းဖွဲ့ထားတာပါ။ ပရိသတ်တွေကြည့်ရှုပြီးရင် ဝေဖန်အကြံပေးကြပါ။ လိုအပ်တာတွေပြင်ဆင်သွားပါမယ်"ဟု ဒါရိုက်တာစတီးလ် (ဒွေးမေတ္တာ)က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ထွန်းထွန်း၊ ထွန်းကိုကို၊ ထူးခြား၊ မိုးယံဇွန်၊ မိုးဟေကို၊ နန်းခင်ဇေယျာ၊ မေမြင့်မိုရ်တို့ပါဝင်ထားပြီး ဇာတ်ပို့အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Boy Band ဇာတ်ကားအတွက် ရိုင်ယန်ရေးနိုးနှင့် ရှောင်းလီဗိုင်းတို့ ပူးပေါင်းမည်

**နယူးယောက် ဖေဖော်ဝါရီ ၂၆**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Boy Band အမည်ရှိ ဟာသဇာတ်ကားအတွက် မင်းသား ရိုင်ယန်ရေးနိုးနှင့် ဒါရိုက်တာ ရှောင်းလီဗိုင်းတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

Boy Band ဇာတ်ကား၌ မင်းသား ရိုင်ယန်ရေးနိုးက အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ရှောင်းလီဗိုင်းက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးပေးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို မင်းသား ရိုင်ယန်ရေးနိုးက ဇာတ်ညွှန်းရေးဆရာ ဂျက်ဆီအင်ဒရူးနှင့် ပူးတွဲရေးသားမည်ဖြစ်ကြောင်း သိရသည်။

မင်းသား ရိုင်ယန်ရေးနိုးနှင့် ဒါရိုက်တာ ရှောင်းလီဗိုင်းတို့သည် Deepool ဇာတ်ကားများအပြင် Free Guy နှင့် The Adam Project ကဲ့သို့ ဇာတ်ကားများတွင်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြဖူးကြောင်း သိရသည်။ KKO





# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ ငွေ‌ငန်းမောင်နှံပန်းပုကားချပ်များ တင်ပို့မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာငွေ‌ငန်းမောင်နှံပန်းပုကားချပ်များ တင်ပို့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ လာမည့် မတ်လတွင် မြန်မာပန်းပုလက်ရာငွေ‌ငန်းမောင်နှံပန်းပုကားချပ်များကို ရှမ်းပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေကို မြန်မာပန်းပုလက်ရာ ဖောက်ပန်းအမျိုးအစား အလျား ၃၆ လက်မ၊ အနံ ၁၈ လက်မ၊ ထု ၁ ဒသမ ၅ လက်မ အရွယ်အစား ငွေ‌ငန်းမောင်နှံပန်းပုကားချပ် ၁၅၀ တင်ပို့ရမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ပန်းပုကားချပ်တစ်ချပ်ကို ငွေကျပ် ၁၅၀၀၀၀ လောက် ကျသင့်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြသည်။



မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

# The Lord of the Rings ဇာတ်ကားများရိုက်ကူးရန် ဝါနာဘရားသားနှင့် နယူးလိုင်းကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၆**

The Lord of the Rings ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ရန်အတွက် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီနှင့် နယူးလိုင်းရုပ်ရှင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

The Lord of the Rings ဇာတ်ကားများရိုက်ကူးရေးအတွက် ဝါနာဘရားသားနှင့် နယူးလိုင်းတို့သည် စာရေးဆရာ ဂျေအာအာတော်ကီအန်၏ မူပိုင်ကုမ္ပဏီဖြစ်သော Freemode အုပ်စုနှင့် သဘောတူညီချက်များ ရယူထားပြီးဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကားများအတွက် ဝါနာဘရားသားကုမ္ပဏီသည် ဒါရိုက်တာ ပီတာဂျက်ဆင်နှင့် ဆွေးနွေးနေကြောင်း သိရသည်။

ဒါရိုက်တာ ပီတာဂျက်ဆင်သည် The Lord of the Rings ဇာတ်ကားများနှင့် Hobbit ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ကြောင်း သိရသည်။

The Lord of the Rings ဇာတ်ကားသုံးကားသည် အော်စကာဆုပေါင်း ၁၇ ဆုထိရရှိခဲ့သော ဇာတ်ကားများဖြစ်ကြောင်း သိရသည်။ KKO



# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမခြောက်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ၊ ဆရာမခြောက်ဦး၏ Escape the Ordinary အွန်လိုင်းပန်းချီပြပွဲကို မတ် ၁ ရက်မှ မတ် ၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

Escape the Ordinary အွန်လိုင်းပန်းချီပြပွဲတွင် လက်ရှိ ပန်းချီဈေးကွက်အတွင်း နာမည်ရပြီးဖြစ်သည့် ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီဆရာ မောင်မောင်မြင့်အောင်၊ ပန်းချီဆရာ မွန်သက်၊ ပန်းချီဆရာ တင်အောင်ထိုက်၊ ပန်းချီဆရာ မင်းဇော်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၃၀ ကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာ၊ ဆရာမခြောက်ယောက်ရဲ့ လက်ရာစုံပန်းချီကားတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာတို့လို ရေးကွက်ဆန်းတဲ့ ပန်းချီဆရာမတွေရဲ့ ရေးကွက်တွေကို လေ့လာရမှာဖြစ်သလို မကြာသေးခင်က ကွယ်လွန်သွားတဲ့ ပန်းချီဆရာ မောင်မောင်မြင့်အောင်ရဲ့ နောက်ဆုံးလက်ရာ ပန်းချီကားတွေလဲ လက်လှမ်းမီသလောက် စုစည်းပေးထားပါတယ်။ အခြားပန်းချီဆရာတွေရဲ့ လက်ရာကောင်းပန်းချီကားတွေလဲ မြင်ရမှာပါ"ဟု ရွှေမြန်မာပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြခန်းတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and their families from Sittwe Station of Western Command


Senior General Min Aung Hlaing meets officers, other ranks and families.

**Nay Pyi Taw February 26**

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met with officers, other ranks and their families from Sittwe Station of the Western Command at the local battalion this afternoon.

Together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, Commander of Western Command Maj-Gen Htin Latt Oo and officials.

**Political change**

In his speech, the Senior General said he was glade to meet with the officers, other ranks from Sittwe Station and their families. Tatmadaw officers, other ranks and families need to know the real situation where the Tatmadaw has to take a leading role in the national politics. He then explained the Tatmadaw's leading role in multi-party democracy, practice of multi-party democracy since 2011, Tatmadaw's dutiful efforts and suggestions during the two democratic governments' tenures, less progress of the country during the weaknesses in management and administration under the second democratic government, a no vote campaign by the public as they had no trust in the election and there was no progress as they had expected, his urging of the people to cast votes to promote multi-party democracy, actions taken by the other party for fear of getting less votes, vote rigging in the 2020 general election and no action taken to solve the problem, Tatmadaw's assumption of State duties by declaring state of emergency after the situation that emerged in the country, Tatmadaw's ongoing efforts by adopting policies and objectives for political, economic, social and all-round development and State peace and stability, step-by-step procedures including on-ground data collection to ensure correct voter lists in the coming election after taking a lesson of electoral fraud in the 2020 election, the need for any country to always work hard if they want to progress and Tatmadaw's efforts for all-round development of the country including politics, economy and peace amid the current situation.

**Military discipline and order must be followed**

The Senior General said his explanation was aimed at enabling the Tatmadaw members to know the prevailing conditions and understand that the Tatmadaw will always serve the public interests no matter which government rules the country. Individual Tatmadaw members need to work hard for the improvement of their qualifications. Subject-wise training courses are being conducted for individual Tatmadaw members for their skills and knowledge as well as quality, so they for their part need to work hard. **Military discipline is the backbone of the Tatmadaw, and good soldiers will emerge only if they are to follow the military discipline and order. Obedience is important in shouldering State security and defence duties while good discipline is necessary.** Good discipline means following order. Disciplines are imposed so that any task can be carried out systematically and unnecessary things can be avoided. It is necessary to understand that disciplines are not strict without reasons. Individuals must promote their lives by following the disciplines.

**People are essential**

In any case, people are the most important. That's why they say, "People are essential." People participate in all matters such as the country's politics, economy and social affairs and people's leadership, compliance and creations are important. Therefore, we have to make to ensure that individual qualities and skills are high.

Therefore, one is the most important person for improving his or her life. As a soldier, it is important to live and work to improve the skills and quality. All military personnel have basically been taught military skills. It is taught in order to fight. They need to handle and use the weapons professionally. To make good military personnel, the Tatmadaw is teaching and training the various disciplines. Military skills are taught to improve military discipline and obedience to orders, so individual soldiers must follow military discipline and always strive to improve their quality.

**We must improve ourselves and there must be a balanced command and control of the leaders**

In order to be able to fulfill the individual responsibilities, we will need to be fit and have regular training. In order to be healthy and fit, one must maintain self-control and have a healthy and balanced lifestyle and diet. **Improving the quality of individuals among people is directly related to themselves, so they need to be able to maintain themselves.** If they work hard with self-confidence, their individual social lives will also rise. Each person will not have the same way of life, but **most of the military members live with their superiors, colleagues and subordinates and one must learn from good points and experiences from them and use them to improve his life.** We need to consult and support each other and correct each other on what should and should not be done. As the leaders, they also need to command and administer the forces they lead in a balanced manner, and they need to govern with the spirit of a good commander. As leaders, they need to take good care of their families, their army and their environment.

**Military-owned and sole proprietorship agriculture and livestock breeding**

In the same way that various countries in the world are experiencing difficulties due to high commodity prices, we are also experiencing high commodity prices. Although there are natural resources and human resources, it is seen that progress is lagging behind due to the lack of willingness to work and continuous effort. Therefore, efforts are being made to improve domestic manufacturing and develop the country's economy. In the Tatmadaw, the continuous implementation of military-owned and sole proprietorship farming is also to help in the food supply on the one hand. **Due to the continuous implementation of the military-owned and sole proprietorship farming activities in the regiment, they were able to successfully overcome difficulties.** Therefore, military personnel and family members need to continue to implement it.

**Quality of education must be enhanced**

Quality of education of children of personnel must be enhanced. To beneficially utilize the summer holiday, it is necessary to urge children to study lessons of the previous year again or basic English and computer courses and culture courses must be conducted. The good habit of studying literature must be cultivated for their entire lives. To promote the education standards of personnel, they are required to study at Tatmadaw education school properly. **If individual personnel can enhance their capabilities and power of arms and equipment can be boosted, the Tatmadaw will be stronger.** The capabilities of the entire Tatmadaw must be enhanced by boosting the capabilities of individual personnel.

**Foodstuffs and cash rewards presented**

Then, the Senior General presented foodstuffs for personnel and families t o the commander and the wife of the Senior General presented cash rewards for the station Maternal and Child Welfare Association to the wife of the commander.

After the meeting, the Senior General and party warmly greeted the officers and other ranks and families and attended to the needs reported by them.

Then, the Senior General and wife and party visited the local Defence Services Hospital in Sittwe and asked after the health of individual officers, other ranks and family members, spoke words of comfort to and presented foodstuffs for them individually. 100


Senior General Min Aung Hlaing presents gift to a patient.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing pays homage to Lawkananda Pagoda, pride of Sittwe



**Nay Pyi Taw February 26**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, Rakhine State Chief Minister U Htein Lin, Western Command Commander Maj-Gen Htin Latt Oo and officials, visited Nandayama Pariyattia School in Sittwe, Rakhine State, and paid respects to the Principal Sayadaw Agga Maha Gandavacaka Agga Maha Pandita Bhaddanta Nandasiri.

The Senior General and wife paid respects to the Sayadaw, asked after his health and supplicated religious matters. Then, rice, edible oil and other kinds of donations including cash donations donated by families of Tatmadaw (Army, Navy and Air) were presented.

Later, the Senior General and wife and party paid homage to Lawkananda Pagoda, the pride of Sittwe, Rakhine State.

On arrival at the pagoda, the Senior General and wife and party were welcomed by members of the Pagoda Board of Trustees. They paid homage to the Buddha Image inside the pagoda and offered flowers, water, lights. The Senior General signed the visitor's book.

The Senior General and wife presented cash donations for the pagoda all-round renovation through officials of the board of trustees. The Senior General then viewed documentary photos on renovation of inner cave of the pagoda. He paid homage to the pagoda while circling the stupa clock-wise. He urged officials to maintain the pagoda and looked into the requirements.

The Senior General, wife and party paid homage and offered flowers and water to Setkyamuni Buddha Image at Setkyamuni Theindawgyi. Donations for multiple purposes of the pagoda were accepted by officials.

The Senior General gave necessary guidance on keeping the Setkyamuni Theindawgyi and Setkyamuni Buddha Image to look admirable.

100



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to Setkyamuni Buddha Image.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present donations to a Sayadaw.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present cash donations for Setkyamuni Theindawgyi.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်နှင့် ဗြိတိန်တို့က ယူကရိန်းအတွက် တိုက်လေယာဉ်များ ပံ့ပိုးပေးအပ်နိုင်ဦးမည်မဟုတ်ဟုဆို



အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် အနာဂတ်ကာလတွင် ယူကရိန်းအတွက် တိုက်လေယာဉ်များ ပံ့ပိုးပေးနိုင်ဦးမည် မဟုတ်ကြောင်း နှစ်နိုင်ငံတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံက NATO နိုင်ငံများကို စစ်လေယာဉ်များ လွှဲပြောင်းပေးအပ်ရန် အစဉ်တစိုက် တောင်းဆိုခဲ့သော်လည်း အနောက်အုပ်စုက ယခုအချိန်ထိ ရှင်းရှင်းလင်းလင်း တုံ့ပြန်ခဲ့ခြင်းမျိုးမရှိသေးပေ။

တိုက်ခိုက်ရေး လေယာဉ်များသည် ယူကရိန်းစစ်ဘက်အတွက် မရှိမဖြစ်လိုအပ်နေသော အဓိကစွမ်းဆောင်ရည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအတွက် F-16 တိုက်လေယာဉ်များသည် ရေတိုတိုက်ပွဲအတွက် မဟုတ်ဘဲ ရေရှည်ကာကွယ်ရေးအတွက် ယူကရိန်းသမ္မတက ၎င်း၏တပ်ဖွဲ့ဝင်များကို F-16 တိုက်လေယာဉ်များ လွှဲပြောင်းပေးရန် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကီယက်မြို့၌ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံစဉ် ယူကရိန်းသမ္မတ ဇီလန်စကီးက တောင်းဆိုခဲ့ကြောင်း သိရသည်။

၎င်း၏တောင်းဆိုမှုကို ယခင်က ပယ်ချခဲ့ပြီး ဇန်နဝါရီတွင်ဖြစ်နိုင်ခြေနှင့် ပတ်သက်၍ သတင်းထောက်များ မေးမြန်းသောအခါ ပံ့ပိုးပေးအပ်ရန် အစီအစဉ်မရှိကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် ၎င်း၏တာဝန်ရှိသူများသည် ဗြိတိန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားထံမှ တိုက်လေယာဉ်များရရှိနိုင်ရေး တောင်းဆိုခဲ့ကြသည်။ ဝန်ကြီးချုပ်ဟောင်း Boris Johnson နှင့် Liz Truss တို့သည် Eurofighter Typhoon တိုက်လေယာဉ်များ ပံ့ပိုးပေးရန် ဗြိတိန်နိုင်ငံအစိုးရကို တိုက်တွန်းခဲ့သော်လည်း ကာကွယ်ရေးဝန်ကြီး Ben Wallace က ကျွန်ုပ်တို့သည် အချိန်တိုအတွင်း ယူကရိန်းသို့ ကျွန်ုပ်တို့၏ကိုယ်ပိုင် Typhoon တိုက်လေယာဉ်များကို ပေးပို့ဦးမည်မဟုတ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

"တိုက်လေယာဉ်တစ်စင်းကို လက်ဆောင်ပေးတယ်ဆိုတာ ဒီအတိုင်းပေးလို့ရတာမဟုတ်ပါဘူး။ အင်ဂျင်နီယာတွေ၊ လေယာဉ်မှူးတွေ၊ လေ့ကျင့်ရေးအထောက်အကူပစ္စည်းတွေ၊ ဒီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်တွေ အစရှိတာတွေနဲ့အတူ လူပေါင်းရာနဲ့ချီ တစ်ပါတည်းပါလာရပါတယ်"ဟု Wallace က Sky News သတင်းဌာနသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

"အနောက်နိုင်ငံတွေက ဒီလိုပုံစံမျိုးနဲ့ ယူကရိန်းထဲကို တပ်ဖွဲ့ဝင်တွေ တပ်ဖြန့်ချထားမှာမဟုတ်ပါဘူး။ Typhoon တိုက်လေယာဉ်တွေ ယူကရိန်းထံပေးမယ်ဆိုပြီး စိတ်ကူးမယ်ဆိုရင် တော်ဝင်လေတပ်ကနေ တပ်ဖွဲ့ဝင် ၂၀၀ ကျော်လောက်ကို စေလွှတ်ရမှာဖြစ်ပြီး လက်ရှိအနေအထားမှာ ဒီလိုမျိုးလုပ်မှာမဟုတ်ဘူး"ဟု ကာကွယ်ရေးဝန်ကြီး Ben Wallace က ရှင်းလင်းပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် ဗြိတိန်နိုင်ငံသည် ယူကရိန်းတိုက်လေယာဉ်မှူးများကို လေ့ကျင့်ပေးမည်ဟု ဝန်ကြီးချုပ် Sunak က ပြောကြားခဲ့ပြီး ယူကရိန်းသို့ ၎င်းတို့၏ ဆိုဗီယက်ခေတ်ထုတ် တိုက်လေယာဉ်များကို ပံ့ပိုးပို့ဆောင်ပေးထားသော အရှေ့ဥရောပနိုင်ငံများသို့ Typhoon တိုက်လေယာဉ်များ ပြန်လည်ပံ့ပိုးရောင်းချပေးရန် ဗြိတိန်နိုင်ငံအနေဖြင့် ပြင်ဆင်ထားကြောင်း Wallace က ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ဂျာမနီအဓိပတိ Olaf Scholz က ယူကရိန်း၏ ဂျက်လေယာဉ်များ တောင်းဆိုမှုကို အကြိမ်ကြိမ်ပယ်ချခဲ့ပြီး ၎င်း၏ မဟာမိတ်နိုင်ငံများကို လက်နက်စနစ်များနှင့် ပတ်သက်လာလျှင် တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှုမပြင်းထန်ကြရန် ပြီးခဲ့သည့်လက တိုက်တွန်းခဲ့သည်။ ဂျာမနီနိုင်ငံသည် ယူကရိန်းကို တင့်ကားများ ထောက်ပံ့ပေးရန် ကနဦးကငြင်းဆိုခဲ့ပြီး အရှေ့ဥရောပရှိ ယူကရိန်းမဟာမိတ်နိုင်ငံများ၏ အတင်းဖိအားပေးမှုများကြောင့်သာ နောက်ပိုင်းတွင် ၎င်း၏ရပ်တည်ချက်ကို ပြောင်းလဲပစ်ခဲ့ရခြင်းလည်းဖြစ်သည်။

**US and UK stall on jets for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျက နျူကလီးယားရေငုပ်သင်္ဘောသစ်များဝယ်ယူမှုတွင် ဒေသတွင်းလုံခြုံရေးအာမခံကြောင်း ထိုင်းဝန်ကြီးချုပ်ကိုပြောရန်ရည်ရွယ်

ဩစတြေးလျနိုင်ငံသည် နျူကလီးယားရေငုပ်သင်္ဘောသစ်များဝယ်ယူမှုနှင့်ပတ်သက်၍ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများက စိုးရိမ်မှုများထွက်ပေါ်နေသည့်အတွက် အဆိုပါဝယ်ယူမှုသည် ဒေသတွင်းလုံခြုံရေးကို အာမခံကြောင်း ဩစတြေးလျနိုင်ငံကာကွယ်ရေးဝန်ကြီးက ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့်တွေ့ဆုံစဉ် ပြောကြားရန် ရည်ရွယ်ခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းက မနီလာမြို့သို့လာရောက်လည်ပတ်စဉ် နျူကလီးယားရေငုပ်သင်္ဘောနှင့်ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး Richard Marles က AFP အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့ပြီး ကာကွယ်ရေးအပိုင်း တာဝန်ယူထားသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် တွေ့ဆုံဆွေးနွေးမှုတွင်လည်း အဆိုပါကိစ္စရပ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဝန်ကြီးချုပ်ကို ကျွန်တော်ပြောရမဲ့အချက်က ဒေသရဲ့စုပေါင်းလုံခြုံရေးကို အထောက်အကူပြုဖို့ပါ။ ဒေသတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အထောက်အကူပြုတဲ့ဟန်ချက်ညီမှု တည်ဆောက်တာနဲ့ပတ်သက်ပါတယ်"ဟု Marles က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံသည် နျူကလီးယားရေငုပ်သင်္ဘောအသစ်ကို အမေရိကန်သို့မဟုတ် ဗြိတိန်နိုင်ငံထံမှ ဝယ်ယူသွားနိုင်ရေးချိန်ဆနေပြီး ဝန်ကြီးချုပ် Anthony Albanese အနေဖြင့် လာမည့်လတွင် အမေရိကန်နိုင်ငံ၌ နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံမှုအပြီးတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာနိုင်လိမ့်မည်ဟု မျှော်မှန်းရသည်။

မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း ဩစတြေးလျနိုင်ငံ၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများ ဝယ်ယူမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောကြားခဲ့ပြီး လက်နက်ပြိုင်ဆိုင်မှုအပေါ် ဆန့်ကျင်ကန့်ကွက်သွားမည်ဟု သတိပေးထားသည်။

သို့သော် ဩစတြေးလျနိုင်ငံအနေဖြင့် ၎င်းအစီအစဉ်နှင့်ပတ်သက်၍ ယုံကြည်မှုတည်ဆောက်လိုကြောင်း Marles က ပြောကြားခဲ့သည်။ ဩစတြေးလျအစိုးရသည် အမေရိကန် သို့မဟုတ် ဗြိတိန် နျူကလီးယား ရေငုပ်သင်္ဘောများကို ရွေးချယ်ဝယ်ယူရန် ယခင်ချုပ်ဆိုထားသော ပြင်သစ်ထုတ် ဒီဇယ်စွမ်းအင်သုံး ရေငုပ်သင်္ဘောများ ဝယ်ယူရေးစာချုပ်ကို ဖျက်သိမ်းပစ်ခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်သည် ပြင်သစ်နိုင်ငံကို ဒေါသထွက်စေခဲ့သည်။

အဆိုပါ ရေငုပ်သင်္ဘောဝယ်ယူရေးသဘောတူညီချက်သည် ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့ကြား AUKUS ဟုအမည်ပေးထားသည့် လုံခြုံရေးသဘောတူညီချက်သစ်တစ်ရပ်အပေါ် အခြေခံထွက်ပေါ်လာခြင်းလည်းဖြစ်သည်။



အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာတန်သော နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောပရောဂျက်နှင့် မထုတ်ပြန်ရသေးသော မဟာဗျူဟာမြောက်ကာကွယ်ရေးဆိုင်ရာ ပြန်လည်သုံးသပ်မှုအသစ်သည် ဩစတြေးလျနိုင်ငံ၏ ကာကွယ်ရေးမူဝါဒတွင် ကြီးမားသောအပြောင်းအလဲတစ်ခုဖြစ်ကြောင်း Marles က ပြောကြားခဲ့သည်။

လာမည့်လ အမေရိကန်နိုင်ငံ၌ ပြုလုပ်မည့်အစည်းအဝေးတွင် ဩစတြေးလျ၏ ရေငုပ်သင်္ဘော စွမ်းရည်ကွာဟချက်ကို ဖြည့်ဆည်းရန်နှင့် ၎င်း၏သက်တမ်းကြာမြင့်နေပြီဖြစ်သည့် Collins Class ရေငုပ်သင်္ဘောအုပ်ကို တပ်တော်ဝင်ဖျက်သိမ်းရန် နီးကပ်လာချိန်တွင် ကြားဖြတ်အစီအမံတစ်ခုကိုလည်း Marles က အတည်ပြုပြောကြားခဲ့သည်။

**Australian Defense Minister Aims to Reassure Thailand Over Nuclear Subs ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားစဉ်။



ရှေ့ဖုံးမှအဆက်

လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များကို ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးရှိ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ဎင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး အတွင်းလိုဏ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး စေတီတော်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ


စာမျက်နှာ ၁၉ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က လောကာနန္ဒာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လောကာနန္ဒာ စေတီတော်ကြီး အတွင်းလိုဏ် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ တာဝန်ရှိသူ တစ်ဦးက ရှင်းလင်းတင်ပြစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသီရိထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ဆန်၊ ဆီနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဘုရားကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်
မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

စာမျက်နှာ ၁၈ မှအဆက်

စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စကြာမုနိသိမ်တော်မြတ်ကြီးနှင့် စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေ ရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

➤ ➤ ➤

# သူငွေးရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး

**သံတွဲ ဖေဖော်ဝါရီ ၂၆**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တမံဝဲဘက်ကမ်းရှုရပ်မှနေ၍ စီမံကိန်းဧရိယာအတွင်း ပင်မတာမံတည်ဆောက်ပြီးစီးမှု၊ ရေယူအဆောက်အအုံ ဆောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံတည်ဆောက်တပ်ဆင်နေမှု၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့်စက်မှု၊ လျှပ်စစ်ပစ္စည်းများသိုလှောင်ရုံဝင်းအတွင်း ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။





အဆိုပါစီမံကိန်းသည် ရခိုင်ပြည်နယ် သံတွဲခရိုင်သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်းပေါ်တွင် တည်ရှိပြီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ပင်မရေလှောင်တမံမှာ ၄ုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ကာ ကန်ရေပြည့် ရေသိုလှောင်ပမာဏ ၆ ဒသမ ၉၆ သိန်းဧကပေ သိုလှောင်နိုင်ကြောင်း၊ ၃၇ မဂ္ဂါဝပ်ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်းစက်တပ်ဆင်အင်အား ၁၁၁ မဂ္ဂါဝပ်ရှိကာ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါစီမံကိန်းတစ်ခုလုံး၏ ၇၅ ဒသမ ၆၄ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကုန်တွင် ၇၆ ရာခိုင်နှုန်းပြီးစီးမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | စစ်ကိုင်း | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၀၅ | ၂၁၇၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၃၂၀ | ၂၃၀၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၃၀၆၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၀၉၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၀၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၀၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၁ | ၂၀၈၄ |
| 95 Ron | ၂၀၈၄ | ၂၁၆၀ |
| HSD (500 ppm) | ၂၀၆၃ | ၂၁၃၃ |
| HSD (50 ppm) | ၂၁၃၇ | ၂၂၀၉ |
| HSD (10 ppm) | ၂၁၃၇ | ၂၂၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ခြောက်ပါးတို့ကို မင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်များ ဆက်ကပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)ဗဟိုမှ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ခြောက်ပါးတို့ကို မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့် ဂုဏ်ပြုပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ ရတနာသိဒ္ဓိ ကျောင်းတိုက်၌ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ အမှူးပြုသောသံဃာတော်များ ကြွရောက် တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဗုဒ္ဓ ဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။



ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှဆက်ကပ်သည့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ထံ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြ သူများက ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏ ဩဝါဒါစရိယ တိပိဋက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယက ပဏ္ဍာသမဏ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာမင်္ဂလဓမ္မ ဇောတိက ဓဇ ပွင့်လင်းဆရာတော် ဘဒ္ဒန္တဝညိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင် တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ထံမှ သာရဏီယဩဝါဒကထာနာယူကာ သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(YMBA) ဗဟိုဥက္ကဋ္ဌ ဦးရဲထွန်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးဟန်မြင့် က မင်္ဂလာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ရခြင်းအကြောင်းကို ရှင်းလင်း လျှောက်ထားခဲ့ကြောင်း သတင်း ရရှိသည်။

# မန္တလေးတိုင်းဒေသကြီး ငလျင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးပြုလုပ်သည့် ငလျင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် မီးငြိမ်းသတ် ရေးသရုပ်ပြသခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်ရှိ လေးထပ်ဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်း ဒေသကြီးတရားလွှတ်တော် တရားသူကြီး ချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာန ဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းဒေသကြီးမီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊တိုင်းဒေသကြီးဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန် ရှိသူများ စုစုပေါင်းအင်အား ၁၀၀၀ ခန့် တက်ရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့၊ တက်ရောက်လာကြသူများသည် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက် လေ့ကျင့်ခြင်း၊ စွမ်းရည်ပြသခြင်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် က ငလျင်ဘေးဆိုင်ရာ ဇာတ်တိုက်လေ့ကျင့် မှုအစီအစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီး ဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုငွေကျပ် ငါးသိန်းစီကို တာဝန် ရှိသူများထံသို့ချီးမြှင့်ပြီး လေးထပ် ဆောင် မြေညီထပ်တွင် ခင်းကျင်းပြသ ထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ကိရိယာများ၊ ASR Level အလိုက် အနီ၊ အဝါ၊ အစိမ်း၊ အနက်နှင့် အဖြူ (ဆေးအဖွဲ့) ယာယီတဲငါးလုံးတွင် လူနာအမျိုးအစားအလိုက် ကျန်းမာရေး စောင့်ရှောက်မှုများ၊ ဆေးဝါးကုသခြင်း သရုပ်ပြသနေမှုများကို လိုက်လံ ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ် များထိ အဆင့်မြင့်အထောက်အကူပစ္စည်း များထားရှိနိုင်ရေး၊ သဘာဝဘေး အန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လူအင်အား၊ အထောက်အကူပြုစက်ပစ္စည်း များ စနစ်တကျ ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုသွားရေးတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအားမှာကြားကာ ပါမောက္ခ ချုပ်များ၊ ကျောင်းသား၊ ကျောင်းသူများ အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ် နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန် အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ လျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစား ရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ် ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန ၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

## ဖေဖော်ဝါရီ ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၁၁ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၉၇ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၅၀၃ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိ သည်။ **(သတင်းစဉ်)**

# ကလေးမြို့နယ်၊ ခန္တီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေး အဖွဲ့က ပြည်ကြီးတံခွန်မြို့နယ် ရဲဘော်ကွက်သစ် ငွေတော်ကျိုကုန်း အုပ်စုအတွင်းရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ဗိုင်းကြီးကျေးရွာနှင့် ခန္တီးမြို့နယ် လာဝယ်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ဦးရေ ၂၄၀ တို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုး၊ အကြောဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရဲဘော်ကွက်သစ် ငွေတော်ကျိုကုန်းအုပ်စုအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ ၂၀၅ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ သဟပုညကာရီငွေတော်မော်ရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲတွင် အမျိုးသမီးဘော်လီဘော တံခွန်စိုက်ဗိုလ်ဆု ရရှိသည့် ပြိုင်ပွဲဝင်အားကစားသမားများကို ဂုဏ်ပြုဆုငွေများပေးအပ်စဉ်။

# ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံအားကစားပွဲတော်တွင် ဆုရရှိခဲ့သည့် လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ်မှ အားကစားသမားများကို ဂုဏ်ပြုကြိုဆို၊ ဆုများချီးမြှင့်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံအားကစားပွဲတော်တွင် ဆုရရှိခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ်မှ အောင်ပွဲရ အားကစားသမားများကို ဂုဏ်ပြုကြိုဆိုခြင်းနှင့် ဆုများချီးမြှင့်ခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အဆိုပါ ပညာရေးဒီဂရီကောလိပ်၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် အစိုးရအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံ အားကစားပွဲတော်မှ ပြန်လည်ရောက်ရှိလာသည့် လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ်မှ အောင်ပွဲရ အားကစားသမားများကို ကျောင်းသား၊ ကျောင်းသူများက အကအလှများဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံအားကစားပွဲတော်တွင် တံခွန်စိုက်ဗိုလ်ဆုရရှိခဲ့သော အမျိုးသမီးဘော်လီဘော အသင်းနှင့် တစ်ဦးချင်းဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ဆုရအားကစားသမားများက အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အားကစားသမားများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံများရိုက်ကြပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ ပညာရေးဒီဂရီကောလိပ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ် အနေဖြင့် အမျိုးသမီးဘော်လီဘော တံခွန်စိုက်ဗိုလ်ဆု တစ်ဆု၊ အမျိုးသမီးတန်းမြင့်ခုန်ရွှေတံဆိပ်ဆု တစ်ဆု၊ အမျိုးသမီးသံပြားဝိုင်းပစ် ငွေတံဆိပ်ဆု တစ်ဆုနှင့် အမျိုးသမီးသံလုံးပစ် ကြေးတံဆိပ်ဆု တစ်ဆုတို့ကို အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်စုရပ်ကွက်နေ ခိုင်ဖူးဝေသည် ၎င်းအသုံးပြုသည့် "Khaing Phoo Wai" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်နေ နေဇော်အောင် (ခ)အမောင်သည် ၎င်းအသုံးပြုသည့် "A Maung" Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်တာကာလ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များ

**ထိုစာရင်းဇယားများကိုလေ့လာသုံးသပ်ရာတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းများရဲ့တန်ဖိုးက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထက် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော် ပိုမိုဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်တွေဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။**

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကုန်ပိုင်းမှာ မြန်မာနိုင်ငံနဲ့ ကီလိုမီတာ ၄၀၀ လောက် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိန္ဒိယနိုင်ငံ၊ မဏိပူရဒေသမှာ ဘိန်းစိုက်ပျိုးတဲ့ တောင်သူ ၇၀၃ ဦးနဲ့၊ ဘိန်းစိုက်ပျိုးဧက ၄၀၀ ကျော်ကို ဖျက်ဆီးခဲ့တယ်ဆိုတဲ့သတင်းကို အွန်လိုင်း သတင်းမီဒီယာတစ်ခုမှာ ဖတ်လိုက်ရပါတယ်။ ဒီလိုဖမ်းဆီးတဲ့နေရာမှာ ဒေသတွင်း ဘိန်းစိုက်ပျိုး ခွင့်ပြုထားတဲ့ တောင်ပေါ်ရွာသူကြီး ၅ ဦးကိုလည်း ဖမ်းဆီးခဲ့တယ်လို့သိရပါတယ်။ ဒါက အိန္ဒိယနိုင်ငံ၊ မဏိပူရအစိုးရအနေနဲ့ ဘိန်းစိုက်ပျိုးမှုကိုမတားဆီးဘဲ ဆက်စပ်လုပ်ကိုင်နေတဲ့ အာဏာပိုင်တွေကိုပါ ဖမ်းဆီးအရေးယူတယ်ဆိုတဲ့ သတင်းစကားကို ပေးလိုက်တာလို့လည်း သဘောပေါက်မိပါတယ်။

ဒီသတင်းနဲ့ ဆက်စပ်ပြီးပြောထားတာက တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ ရောင်းဝယ်ဖောက်ကားမှုမှာ နာမည်ဆိုးနဲ့ကျော်ကြားတဲ့ မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံနယ်စပ်က "ရွှေတြိဂံ" ဒေသက တရားမဝင်မူးယစ်ဆေးဝါးတွေကလည်း အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဒေသကို ဝင်ရောက်နေတယ်လို့ ဆိုထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ မိမိတို့နိုင်ငံအတွင်းအပါအဝင် အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင်မူးယစ်ဆေးဝါးတွေ မရောက်ရှိအောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အစိုးရအဆက်ဆက် စီမံကိန်းတွေချမှတ်ပြီး အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

**မူးယစ်ဆေးဝါးနှိမ်နင်းမှု သမိုင်းကြောင်း**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှာ ချင်းပိသေသတိုင်းအက်ဥပဒေနဲ့ ဒီဒေသမှာရှိတဲ့ ဘိန်းနဲ့ ဆေးခြောက်စိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲရောင်းချမှုတွေကို တားမြစ်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်မှာလည်း ဘိန်းခင်းနှိမ်နင်းရေးအက်ဥပဒေကိုပြဋ္ဌာန်းပြီး ဘိန်းစိုက်ပျိုးမှုနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင်ခဲ့ပါတယ်။ ၁၉၄၆ ကနေ ၁၉၆၀ ကျော်ကာလတွေအထိ ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဝင်ရောက်လာခဲ့တဲ့ တရုတ်ဖြူကူမင်တန်တပ်တွေကြောင့် ပိုမိုဆိုးရွားလာတဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေကိုလည်း စစ်ဆင်ရေးမျိုးစုံနဲ့ရှင်းလင်းဆောင်ရွက်ခဲ့ရပါတယ်။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူတို့ ပူးပေါင်းလက်တွဲမှုနဲ့ ၁၉၇၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခုနှစ် ဧပြီလအထိ မိုးဟိန်းစစ်ဆင်ရေး၊ ရေပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ယန်းစစ်ဆင်ရေးနှင့် အောင်မိုးဟိန်းစစ်ဆင်ရေးတွေနဲ့ ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ၂၈ ခု ဆောင်ရွက်ခဲ့ပြီး ထူးခြားတဲ့ စစ်ဆင်ရေးတစ်ခုကတော့ MoU နိုင်ငံ (၆) နိုင်ငံ တစ်ပြိုင်တည်းတစ်ချိန်တည်း ဆောင်ရွက်ခဲ့တဲ့ "Operation 1511" စစ်ဆင်ရေးပဲဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးကတော့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး အချိန်တိုအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ သန်းကျော်၊ အိုက်စ် ၅၀၁ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၄ ဘီလီယံကျော်ဖိုး စံချိန်တင်ဖမ်းဆီးနိုင်ခဲ့တဲ့ စစ်ဆင်ရေးတစ်ခုအဖြစ် ဂုဏ်ယူစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားတွေကို ဇွန်လ ၂၆ ရက်နေ့မှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး ၃ နေရာတွင်ကျင်းပပြုလုပ်ခဲ့ပြီး ဘိန်းကီလို ၃၈၇၀ ကျော်၊ ဘိန်းဖြူ ၂၅၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ် ကီလို ၁၄၀၈၀ ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ကတ်တမင်း ၂၈၉ ကီလိုကျော်၊ ကဖင်း ၁၂ တန်ခွဲကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်)နဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ အသုံးပြုတဲ့ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၆၀ တို့ကို ဖျက်ဆီးနိုင်ခဲ့ကြပါတယ်။

၂၀၂၂ ခုနှစ်မှာလည်း မြန်မာနိုင်ငံတစ်ဝန်း တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်း ဘိန်း ၂၆၅၄ ဒသမ ၈၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၉၄၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂ သန်းကျော်၊ အိုက်စ် ၂၃၆၅၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၂၀၅ ကီလိုကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ကတ်တမင်း ၂၀၂၄ ကီလိုကျော်နှင့် ကဖင်း ၁၂ တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန် ဒေါ်လာ ၆၄၂ ဒသမ ၆၀ သန်းကျော်) တို့ကို ဖျက်ဆီးနိုင်ခဲ့တာကို တွေ့ရပါတယ်။

**မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေးတပ်ဖွဲ့အစည်းအဝေး (AAITF)၊ အာဆီယံပင်လယ်ဆိပ်ကမ်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အစည်းအဝေး(ASITF) နဲ့ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးရေးကွန်ရက်အစည်းအဝေး (ADMN) တို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မှာ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းတွေအပြင် နှစ်အလိုက်ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေကို အတိအကျစာရင်းဇယားနဲ့ ဖော်ပြပေးလိုက်ပါတယ်။ **ထိုစာရင်းဇယားများကို လေ့လာသုံးသပ်ရာတွင်၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းများရဲ့တန်ဖိုးက ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထက် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော် ပိုမိုဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်တွေဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။**

အမျိုးအစားများနှင့် ဆက်စပ်ပစ္စည်းများ၏တန်ဖိုးကိုပါ ထည့်သွင်းတွက်ချက်ထားပါသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု**

မူးယစ်ဆေးဝါးပြဿနာတွေကိုကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ခေတ်အဆက်ဆက်သော နိုင်ငံတော်အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ မူးယစ်ဆေးဝါးဆိုင်ရာကွန်ဗင်းရှင်း(၃)ခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ဥပဒေများပြဋ္ဌာန်းခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနဲ့ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ မူးယစ်ဗဟိုအဖွဲ့ကိုလည်း အဖွဲ့ဝင် (၁၆) ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်ထားပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂအထူးညီလာခံ UNGASS အစည်းအဝေးရဲ့လုပ်ငန်းအကြံပြုချက်များကို အခြေခံတဲ့ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့ အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံမူးယစ်ဆေးဝါး** **စာမျက်နှာ ၂၄ သို့**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၂၁ခုနှစ်၊ဖေဖော်ဝါရီလမှ၂၀၂၂ခုနှစ် ဇန်နဝါရီလအထိ | ၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလမှ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလအထိ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဘိန်း | ကီလို | ၂၅၀၈.၆၄၅၂ | ၁၁၇၂.၈၂၈၉၁ | ၃၆၈၁.၄၇၄၄၃ |
| ၂ | ဘိန်းဖြူ | ကီလို | ၂၅၄၄.၁၀၈၃၄၅ | ၁၁၅၄.၄၃၅၄၆၇ | ၃၆၉၈.၅၄၃၈၁၂ |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ပြား | ၁၈၇၆၈၄၀၇၀.၅ | ၁၇၃၉၈၃၁၄၅ | ၃၆၁၆၆၇၂၁၅.၅ |
| ၄ | အိုက်စ် | ကီလို | ၁၆၅၅၇.၉၁၃၇၃ | ၂၀၄၈၂.၂၄၉၃၃ | ၃၇၀၄၀.၁၆၃၀၆ |
| ၅ | ဆေးခြောက် | ကီလို | ၃၉၅.၄၈၀၅၈၁ | ၉၆၈.၁၄၁၄၅ | ၁၃၆၃.၆၂၁၉၉၈ |
| ၆ | ဘိန်းစာရွက် | ကီလို | ၃၁၂၅.၆၁၁၀၂ | ၁၅၉၂.၀၃၈၁၇ | ၄၇၁၇.၆၄၉၁၉ |
| ၇ | ဘိန်းစာမှုန့် | ကီလို | ၁၀၉၆.၉၁၉၆၈၁ | ၇၁၃.၄၄၈၁၈ | ၁၈၁၀.၃၆၇၈၆၁ |
| စုစုပေါင်းတန်ဖိုး | | ကျပ် | ၉၈၆၄၇၁.၆၈၁ သန်း | ၁၀၄၃၂၃၁.၆၅၆သန်း | ၂၀၂၉၇၀၃.၃၃၇ သန်း |
| | | အမေရိကန်ဒေါ်လာ | ၄၆၉.၇၄၈ သန်း | ၄၉၆.၇၇၇ သန်း | ၉၆၆.၅၂၅ သန်း |

**ရှင်းလင်းချက်။** အမေရိကန် ၁ ဒေါ်လာ ၂၁၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပြီး ဖမ်းဆီးရမိသော အခြားမူးယစ်ဆေးဝါး

စာမျက်နှာ ၂၃ မှအဆက်

**ထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (ASOD)၊ အာဆီယံလေကြောင်းကြားဖြတ်စစ်ဆေးရေးတပ်ဖွဲ့ အစည်းအဝေး (AAITF)၊ အာဆီယံပင်လယ် ဆိပ်ကမ်း တားဆီးနှိမ်နင်းရေးတပ်ဖွဲ့အစည်းအဝေး (ASITF)နဲ့ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြည့် စစ်ဆေးရေးကွန်ရက်အစည်းအဝေး (ADMN) တို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။**

အာဆီယံအဖွဲ့မှ ချမှတ်ထားတဲ့ ဘေးကင်းလုံခြုံသောလူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၅ (ASEAN Work Plan 2016-2025)၊ ရွှေတြိဂံဒေသတွင်း တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအားတိုက်ဖျက်ရေး အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးစီမံချက် (၂၀၁၇-၂၀၁၉) (ASEAN Cooperation Plan 2017-2019) တွေအပြင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ်အစည်းအဝေးမှ လုပ်ငန်းခွဲဝေမှုတွေအရ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးနှင့်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်းခွဲအုပ်စုကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ Sub-Group ၏ ဦးဆောင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်ကိုယ်စား မူးယစ်ဆေးဝါးဆိုင်ရာ သတင်းဖလှယ်ခြင်းတို့ကို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ထူးခြားဖြစ်စဉ်များ**

**မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ၊ ဖြန့်ဖြူးရောင်းချမှုတွေရဲ့ ရာနှုန်းပြည့်နီးပါးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအချို့နဲ့ ဆက်စပ်နေပါတယ်။ ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ နောက်ပိုင်း မှာလည်း အကြမ်းဖက်သမား NUG/PDF တွေနဲ့ မူးယစ်ဆေးဝါးကလည်း ဆက်စပ်လာပြန်ပါတယ်။ ဖမ်းဆီးရမိတဲ့ အကြမ်းဖက်သမား ရာနှုန်းပြည့်နီးပါးက မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို တစ်နည်းနည်းနဲ့ သုံးစွဲထားကြောင်းလည်း သိရှိရပါတယ်။**



၇-၁-၂၀၂၂ ရက်နေ့မှာ လွိုင်လင်မြို့အထွက် ဟိုတင့်ကျေးရွာထိပ်မှာ တောင်ကြီးဘက်သို့မောင်းနှင်မယ့် ISUZU ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံ့ဝှက်အတွင်းမှ အိုက်စ် ၆၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ လွိုင်လင်-တောင်ကြီးသွားကားလမ်း ချိုခမ်းနှင့် မိုင်းပွန်ကြားက ISUZU ၁၂ ဘီးယာဉ်ရဲ့ ကြမ်းခင်းအံ့ဝှက်အတွင်းမှ အိုက်စ် ၆၀၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။





၅-၄-၂၀၂၂ ရက်နေ့မှာတော့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အမ်း(ပဲပဒို)ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ ရန်ကုန်မှ မြောက်ဦးသို့မောင်းနှင်လာတဲ့ NISSAN DIESEL ၆ ဘီးယာဉ်ပေါ်က စိတ်ကြွဆေးပြား ၁၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရွှေပြည်သာမြို့နယ်၊ ဝင်းသာစုကန် အိမ်ရာဝင်းအတွင်းမှ စိတ်ကြွဆေးပြား ၁၀ သန်းကို ထပ်မံသိမ်းဆည်းရမိတဲ့အတွက် စိတ်ကြွဆေးပြားပေါင်း ၂၅ သန်း ဖမ်းဆီးရမိခဲ့ပါတယ်။



၂၄-၄-၂၀၂၂ ရက်နေ့မှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး တာချီလိတ်မြို့ ဝိန်းကျောက် ရပ်ကွက်၊ အမှတ်(၀က ခ-၂၆၅)ရှိ ဖေသက်ဟန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဖေသက်ဟန်ပါ ၁၀ ဦးအား M-16 သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ခြောက်လုံးပြူး ၂ လက်၊ ပစ္စတို ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ ဂက်စ်သေနတ် ၁ လက်၊ ၎င်းကျည်အိမ် ၁ ခု၊ လေသေနတ် ၁ လက်၊ ၉ မမကျည် ၁၉ တောင့်၊ ၅.၅၆ ကျည် ၉ တောင့်၊ ကိုးလုံးကျည် ၃ တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖေသက်ဟန်ပိုင်ဆိုင်သည့် အိမ်အမှတ် (၀ကခ-၂၄၉) နေအိမ်မှ စိတ်ကြွဆေးပြား ၁၂.၅၅ သန်း၊ ကတ်တမင်း ၁.၅ ကီလို၊ အက်တက်စီဆေးပြား ၁၅၉ ပြား၊ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင်အသုံးပြုတဲ့စက် ၁ လုံးနဲ့ စတီးမွှေစက် ၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။



၁၇-၆-၂၀၂၂ ရက်နေ့မှာ လားရှိုးမြို့နယ်၊ သတ္တုသန့်စင်စက်ရုံအနီး၊ လားရှိုး - တန့်ယန်းသွားကားလမ်းတွင် တန့်ယန်းဘက်မှ လားရှိုးဘက်ကိုမောင်းနှင်လာတဲ့ CANTER ၆ ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၈၈ ကီလို သိမ်းဆည်းရမိခဲ့ပါတယ်။

**မြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ၊ ဖြန့်ဖြူးရောင်းချမှုတွေရဲ့ ရာနှုန်းပြည့်နီးပါးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ဆက်စပ်နေပါတယ်။ ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ နောက်ပိုင်းမှာလည်း အကြမ်းဖက်သမား NUG/PDF တွေနဲ့ မူးယစ်ဆေးဝါးကလည်း ဆက်စပ်လာပြန်ပါတယ်။ ဖမ်းဆီးရမိတဲ့ အကြမ်းဖက်သမားရာနှုန်းပြည့်နီးပါးက မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို တစ်နည်းနည်းနဲ့ သုံးစွဲထားကြောင်းလည်း သိရှိရပါတယ်။**

BIMSTEC Annual Drug Report ကိုလည်း ထုတ်ဝေဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ သြစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့် နည်းပညာ၊ ပစ္စည်းကိရိယာအကူအညီများရယူခြင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နယ်စပ်ဒေသတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အချို့ရှိတဲ့ဒေသတွေကနေတစ်ဆင့် မြန်မာနိုင်ငံ အတွင်းကို ပုံစံမျိုးစုံနဲ့ ဝင်ရောက်လာတဲ့ မူးယစ်ဆေးဝါးတွေအပြင် အခြားစိတ်ကိုပြောင်းလဲစေတဲ့ အက်ဖိတမင်း၊ အိုက်စ်၊ ကတ်တမင်း၊ Happy Water Phensedyl၊ Erimin-5 ဆေးပြား၊ ဇိုလမ်ဆေးပြား၊ ဆူဒိုအက်ဖီဒရင်းဆေးပြား၊ အက်တက်စီဆေးပြားများ ပြုလုပ်နေတဲ့ အခြေခံဓာတုပစ္စည်းများနဲ့ အက်စစ်ပြင်းများအပါအဝင်

**စာမျက်နှာ ၂၅ သို့**

စာမျက်နှာ ၂၄ မှအဆက်

**ဒီလိုဖမ်းဆီးရမိတဲ့ဖြစ်စဉ်တွေနဲ့ စာရင်းဇယားအချက်အလက်တွေကို လေ့လာကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်နဲ့ဆောင်ရွက်နေတယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့လမ်းညွှန်မှုနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားသောတားဆီးနှိမ်နင်းရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ပါ ပူးပေါင်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ စွမ်းဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုသမိုင်းမှာ ကမ္ပည်းတင်ကျန်ရစ်ခဲ့မှာဖြစ် . . .**



၂၀-၆-၂၀၂၂ ရက်နေ့ ရန်ကုန်ဘက်မှ ကျိုက်ထိုဘက်သို့ မောင်းနှင်လာတဲ့ ၁၂ ဘီး ဆီဘောက်ဆာယာဉ်၏ ဆီသိုလှောင်ကန်အလယ်အကန့်တွင် အံဝှက်ပြုလုပ်၍သယ်ဆောင်လာသည့် ဘိန်းဖြူ... အိုက်စ် ၁၇၀၀ ကီလို၊ ကတ်တမင်း ၃၀၀ ကီလို၊ ဆေးပြားရိုက်စက်မို ၄၁ ချောင်းနှင့် အောက်ခံခွက် ၁၉ ခုတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။





၂၅-၇-၂၀၂၂ ရက်နေ့မှာ မူဆယ်မြို့၊ စွမ်စော်ရပ်ကွက်၊ မန့်ဝိန်းနယ်မြေ၊ မန့်ဝိန်း (၂)လမ်း၊ အမှတ်(မဝ/၅၃၅) ခြံဝင်းအတွင်းရှိ ဂိုဒေါင်အခန်းအမှတ်(၆)အတွင်းမှ Theophylline Anhydrous အမှုန့် ၁၄၅၀၀ ကီလိုအားလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ်၊ (၂)ရပ်ကွက်၊ ၁၃၈ လမ်းနဲ့ ၁၃၉ လမ်းကြား၊ ၅၁ လမ်း၊ အမှတ်(H-247/1)ရှိ ရွှေခြင်္သေ့ကုမ္ပဏီ၏ဂိုဒေါင်အတွင်းမှ Ammonium Nitrate ၃၀၀၀ ကီလိုနဲ့ Copper Sulfate ၂၀၀၀ ကီလို သိမ်းဆည်းရမိခဲ့ပါတယ်။




၈-၁၀-၂၀၂၂ ရက်နေ့ မိုးကုတ်-ပြင်ဦးလွင်သွားကားလမ်း၊ ဆင်စားကုန်းကျေးရွာထိပ်တွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့မောင်းနှင်လာတဲ့ DONGFENG (၆)ဘီးယာဉ်ပေါ်က အိုက်စ် ၁၅၀၀ ကီလိုနှင့်ကတ်တမင်း ၁ ကီလိုသိမ်းဆည်းရမိခဲ့ပါတယ်။



၂၂-၁၁-၂၀၂၂ ရက်နေ့ မြဝတီမှ ကော့ကရိတ်မြို့နယ်၊ တံတားကျိုး ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ သာမညကျေးရွာဘက်မှ မြဝတီမြို့ဘက်ကို မောင်းနှင်လာတဲ့ LIFAN ၆ ဘီးယာဉ်ပေါ်မှ အိုက်စ် ၂၀၀၀ ကီလို သိမ်းဆည်းရမိခဲ့ပါတယ်။

အခြားဆက်စပ်ပစ္စည်းများကိုလည်း မိမိနိုင်ငံအတွင်းက ရရှိတဲ့သတင်းတွေအပြင် အိမ်နီးချင်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ပြီးရရှိတဲ့ သတင်းတွေနဲ့ ဆက်စပ်ပြီး ဖမ်းဆီးအရေးယူလျက်ရှိပါတယ်။ ထူးခြားဖြစ်စဉ်များအနေနဲ့ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိတဲ့ဖြစ်စဉ်တွေထဲက တချို့ကို တင်ပြပေးလိုက်ပါတယ်။

**ဒီလိုဖမ်းဆီးရမိတဲ့ဖြစ်စဉ်တွေနဲ့ စာရင်းဇယားအချက်အလက်တွေကိုလေ့လာကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့လမ်းညွှန်မှုနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားသောတားဆီးနှိမ်နင်းရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ပါပူးပေါင်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ စွမ်းဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုသမိုင်းမှာ ကမ္ပည်းတင်ကျန်ရစ်ခဲ့မှာဖြစ်**တဲ့အကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါတယ်။ ။

မှတ်ချက်။ **https://infosheet.org.mm/mm/node/4199 တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် လအလိုက် စာရင်းအသေးစိတ်ကိုဖတ်ရှုနိုင်ပါသည်။**

**အောင်ရှင်း**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ အသိပေးနှိုးဆော်

➤ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားတွင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကို ထပ်တိုးထည့်သွင်းရိုက်နှိပ်လျက် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်၍ မှတ်ပုံတင်မော်တော်ယာဉ်များတွင် ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

➤ လက်ရှိတွင် ကနဦးမှတ်ပုံတင်ယာဉ်များ၊ နယ်ဝင်၊ အမည်ပြောင်း၊ လိပ်စာပြောင်း၊ အင်ဂျင်ပြောင်း၊ ဆေးရောင်ပြောင်း၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်ပျောက်ယာဉ်များနှင့် နှစ်လဲသက်တမ်းတိုးမော်တော်ယာဉ်များအားလုံးကို ဖောင်းကြွနံပါတ်ပြားအသစ်များ မပျက်မကွက်ပြောင်းလဲတပ်ဆင်ပေးလျက်ရှိပါသည်။

➤ မော်တော်ယာဉ်များအားလုံး ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ခြင်းကို အချိန်တိုအတွင်း မြန်ဆန်စွာရာနှုန်းပြည့်ပြီးစီးစေရေးအတွက် နိုင်ငံပိုင်ဌာနဆိုင်ရာယာဉ်များ၊ အဝေးပြေးခရီးသည်တင်ယာဉ်များ၊ မြို့တွင်းခရီးသည်တင်ယာဉ်လိုင်းများ၊ တက္ကစီယာဉ်များ၊ ကုန်တင်ယာဉ်များအားလုံးသည် ၂၀၂၃ ခုနှစ် မတ် ၃၁ရက်အပြီး သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ ပြောင်းလဲတပ်ဆင်ကြရန်ဖြစ်ပါသည်။

➤ ထို့ပြင် ပုဂ္ဂလိကမော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်လဲသက်တမ်းတိုးချိန်တွင်ဖြစ်စေ၊ သက်တမ်းတိုးချိန်မတိုင်မီဖြစ်စေ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့်ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားအသစ်များ အမြန်ပြောင်းလဲတပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# သက်ကြီးပိုင်းမျက်စိရောဂါ

ပေါက်ပေါက်

အမျိုးသား၊ အမျိုးသမီးများသည် ပျမ်းမျှအသက် ၆၀ ကျော်လျှင် အမြင်အာရုံချို့တဲ့ခြင်းနှင့်အတူ မျက်စိအလင်း ကွယ်ပျောက်ခြင်းဖြစ်နိုင်ခြေ အလားအလာမှာလည်း တစ်စတစ်စပိုများလာကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။

ဤအခြေအနေကို ဆေးသိပ္ပံနည်းအရ Age Macular Degeneration (AMD) ဟုခေါ်ပြီး အဓိပ္ပာယ်မှာ"သက်ကြီးပိုင်းအမြင်အာရုံချို့တဲ့ရောဂါ" ဖြစ်သည်။ ကမ္ဘာတစ်ဝန်း အသက် ၆၀ နှစ်နှင့်အထက်ရှိသူများတွင် AMD ရောဂါကြောင့် မျက်စိအလင်းကွယ်ပျောက်မှုများ နှစ်စဉ်မြင့်တက်လျက်ရှိပြီး လေ့လာမှုတစ်ရပ်အရ လက်ရှိအမေရိကန်နိုင်ငံတစ်နိုင်ငံတည်းမှာပင်လျှင် AMD ရောဂါဖြစ်ပွားသူ ၁ ဒသမ ၆ သန်းတွေ့ရကြောင်း လေ့လာသိရသည်။ ထို့ကြောင့်လည်း ကျန်းမာရေးသုတေသီများက နှစ်တစ်နှစ်၏ ဖေဖော်ဝါရီလတစ်လလုံးကို AMD Low Vision Awareness Month အဖြစ် အထူးတလည် သတ်မှတ်ထားခြင်းဖြစ်သည်။

သက်ကြီးပိုင်းများတွင် မျက်စိအတွင်းတိမ်၊ မျက်စိရေတိမ်၊ မျက်ခမ်းစပ်ရောဂါ စသည့်မျက်စိရောဂါအမျိုးမျိုးကြောင့် မျက်စိကွယ်တတ်သကဲ့သို့ အာဟာရချို့တဲ့ခြင်း၊ ဆီးချို သို့မဟုတ် သွေးတိုး သို့မဟုတ် ကျောက်ကပ်ရောဂါတို့အတွက် သုံးစွဲလျက်ရှိသော ပဋိဇီဝဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများကြောင့်လည်း အမြင်အာရုံပျက်စီးသွားနိုင်သည်။ ထို့ပြင် စာကြည့်ခြင်း၊ တီဗီ သို့မဟုတ် လက်ကိုင်ဖုန်းတို့ကို အကြည့်လွန်ကဲခြင်း၊ နေရောင်ခြည်အောက်ဦးထုပ်၊ ထီး၊ နေကာမျက်မှန် အကာအကွယ်မပါဘဲ သွားလာခြင်း၊ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုများခြင်း၊ အရက်သောက်ခြင်း၊ အသားမှုန့်များနှင့် အချိုမှုန့်ကဲ့သို့ ဓာတုပစ္စည်းများကို စားသောက်ခြင်းတို့ကလည်း အမြင်အာရုံချို့ယွင်းစေသော အကြောင်းများဖြစ်သည်။

**အမြင်အာရုံပျက်စီးခြင်းနှင့်ဆက်နွှယ်သောရောဂါများ**


အမြင်အာရုံပျက်စီးခြင်းနှင့် ပတ်သက်ဆက်စပ်နေသော အောက်ဖော်ပြပါရောဂါများကို သက်ကြီးပိုင်းများတွင် အများဆုံးဖြစ်ပေါ်ခံစားရနိုင်သည်။

- မျက်စိပေါ်သို့ ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျခြင်း၊ အိပ်ရေးပျက်ခြင်း၊ စီးကရက်မီးခိုးငွေ့များ၊ ကြွက်သားအားကောင်းဆေး၊ နာတာရှည်ရောဂါများ၊ အလွန်အမင်း မောပန်းနွမ်းနယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ဒေါသကြီးခြင်း၊ သွေးတိုး၊ ကိုလက်စထရောများခြင်းတို့ကြောင့် "မျက်စိအတွင်းတိမ်ရောဂါ"ဖြစ်စေသည်။
- ဟိုက်ပိုသိုင်းရွိုက်၊ ဟိုက်ပါသိုင်းရွိုက်၊ ဆီးချို၊ စိတ်မချမ်းမြေ့ခြင်း၊ ထုံးနှင့်ပေါင်းသတ်ဆေးစသော ဓာတုဆေးတို့မျက်လုံးထဲ မတော်တဆဝင်ခြင်း၊ အဆီများသောအစားအစာများနှင့် ကိုယ်လက်လှုပ်ရှားမှုနည်း၍ အညောင်းမိခြင်းတို့ကြောင့်လည်း "မျက်စိရေတိမ်ရောဂါ" စွဲစေသည်။
- ရေဓာတ်ခန်းခြောက်ခြင်း၊ အရက်၊ ကဖိန်းဓာတ်များသောအစားအစာများ၊ ဆားကဲသောအစားအစာတို့ကြောင့် "မျက်စိခြောက်၍ မျက်ရည်အိတ်ခမ်းရောဂါ"ဖြစ်စေသည်။
- မိမိမျက်စိနှင့် ပါဝါမကိုက်ညီသော မျက်မှန်ကို မှားယွင်းစွာ တပ်ဆင်အသုံးပြုခြင်းကလည်း အမြင်အာရုံပျက်စီးစေသည်။
- ဆီးချို၊ လေဖြတ်ခြင်း၊ ခန္ဓာကိုယ်ရှိ တစ်ရှူးများ မာကျောခြင်း၊ ရေယုန်နာပေါက်ခြင်း၊ အေအိုင်ဒီအက်စ်ရောဂါ ဝေဒနာရှင်များအတွက် ထိုရောဂါများပြင်းထန်နေချိန်တွင် မျက်စိပါဝါစမ်းသပ်ပါက အဖြေမှန်မထွက်နိုင်ခြေ။ ထိုအခါ မိမိမျက်စိနှင့်မသင့်လျော်သော မျက်မှန်ပါဝါကိုတပ်ဆင်ကြည့်ရှုမှုများလေ အမြင်အာရုံတိမ်းစောင်းလေဖြစ်သည်။

**သက်ကြီးပိုင်းမျက်စိရောဂါလက္ခဏာများ**

အောက်ဖော်ပြပါ သက်ကြီးပိုင်းမျက်စိရောဂါလက္ခဏာများကို ဖတ်ရှုလေ့လာ၍ မိမိမျက်စိအခြေအနေကို မိမိတို့ကိုယ်တိုင်သုံးသပ်နိုင်သည်။

- "အတွင်းတိမ်ရောဂါ"ကို အသက်အရွယ်ကြီးသူများတွင် အများဆုံးဖြစ်ပေါ်ခံစားရသည်။ ရောဂါလက္ခဏာများမှာ မျက်စိအမြင် တဖြည်းဖြည်းမှုန်ဝါးလာခြင်း၊ မျက်စိသူငယ်အိမ်နေရာတွင် ဖြူနေခြင်း၊ နီရဲခြင်းမရှိဘဲနာကျင်ကိုက်ခဲခြင်း၊ မျက်မှန်ပါဝါ အနီးကြည့်၊ အဝေးကြည့်အားလုံး အဆင်မပြေနိုင်တော့ဘဲ မကြာခဏမျက်စိစမ်းသပ်၍ မျက်မှန်ပါဝါပြောင်းလဲနေရခြင်း၊ မျက်စိအမြင် တစ်ဖက်နှင့်တစ်ဖက် မတူညီဘဲ ပုံရိပ်များထပ်ခြင်း သို့မဟုတ်




ကြည်လင်မှုမရှိခြင်း စသည်တို့ဖြစ်သည်။ အတွင်းတိမ်ရောဂါအတွက် မျက်စိကို ခွဲစိတ်ပြီး မျက်တွင်းမှန် (IOL) ထည့်ခြင်းဖြင့် ပကတိအတိုင်း အမြင်အာရုံကြည်လင်စေမည်ဖြစ်သကဲ့သို့ Phaco Machine ဖြင့် အတွင်းတိမ်ကိုခြေ၍ ခွဲစိတ်ကုသနည်းဖြင့်လည်း ကုသနိုင်သည်။
- "မျက်စိရေတိမ်ရောဂါ" ကို သက်ကြီးပိုင်းများတွင် ဒုတိယအများဆုံး ဖြစ်ပေါ်နိုင်သည်။ ရေတိမ်ရောဂါတွင် ထောင့်ကျဉ်းရေတိမ်နှင့် ထောင့်ကျယ်ရေတိမ်ဟူ၍ နှစ်မျိုးရှိသည်။ (က)ထောင့်ကျဉ်းရေတိမ်၏ လက္ခဏာများမှာ မျက်စိကိုက်ခြင်း၊ မျက်စိနီခြင်း၊ အမြင်အာရုံ ရုတ်တရက်မှုန်သွားခြင်း၊ မီးအိမ် သို့မဟုတ် မီးလုံးများကြည့်ပါက သက်တန့်ရောင်အဝိုင်းများ မြင်ရခြင်း၊ မျက်စိသူငယ်အိမ်ကျယ်နေခြင်းတို့ဖြစ်ပြီး မျက်စိအတွင်းရေဖိအားများလာ၍ မျက်စိအာရုံကြောပျက်စီးနိုင်သဖြင့် မပေါ့ဆသင့်ပေ။ (ခ) ထောင့်ကျယ်ရေတိမ်၏လက္ခဏာများမှာ အမြင်တဖြည်းဖြည်းမှုန်လာခြင်း၊ အမြင် တစ်ဖက်နှင့်တစ်ဖက်မတူညီခြင်း၊ မျက်စိမြင်ကွင်းကျဉ်းလာခြင်း၊ မိမိ၏ တစ်ဖက်တွင်ရှိသော အရာဝတ္ထုပစ္စည်းများကို ကောင်းစွာမမြင်ရတော့ဘဲ ခလုတ်တိုက်ထိခိုက်မိခြင်းတို့ဖြစ်သည်။
- "ဆီးချို၊ သွေးတိုးရောဂါများကြောင့် နောက်ဆက်တွဲဖြစ်ပွားသည့်မျက်စိရောဂါ" ကိုလည်း သက်ကြီးပိုင်း အမျိုးသား၊ အမျိုးသမီးများတွင် ဖြစ်ပေါ်ခံစားရနိုင်သည်။ မျက်လုံးထဲတွင် သွေးယိုစီးခြင်း၊ မျက်စိသွေးကြောပေါက်ခြင်းတို့သည် ဆီးချိုရောဂါဖြစ်နေကြောင်း သို့မဟုတ် ဆီးချိုရောဂါဖြစ်လာမည့် အရိပ်အယောင်များဖြစ်၍ အထူးသတိထားရပါမည်။ ထို့ပြင် နောက်ဆက်တွဲအဖြစ် အမြင်အားကျဆင်းလာခြင်း၊ ရုတ်တရက်မျက်စိကွယ်သွားခြင်း၊ အမြင်အာရုံလွှာပျက်စီးခြင်း၊ အမြင်အာရုံလွှာသွေးကြောပေါက်ခြင်း စသည်တို့ဖြစ်လာနိုင်သည်။ ထို့ကြောင့် ၎င်းဝေဒနာရှင်များက မျက်စိရောဂါပြဿနာများမှ ကြိုတင်ကာကွယ်ထားသည့်အနေဖြင့် ထိုရောဂါရှိကြောင်း စတင်သိရှိချိန်မှစ၍ မျက်စိကုဌာနသို့ ဇောစီးစွာသွားရောက်ကာ မျက်စိကျန်းမာရေးအခြေအနေကို ကြိုတင်စစ်ဆေး၍ ကာကွယ်ကုသမှုခံယူသင့်သည်။

**မျက်စိခွဲစိတ်စမည့်သူများ မှတ်သားလိုက်နာဖွယ်**

မျက်စိအတွင်းတိမ်ဖြစ်ခြင်း၊ အပြင်တိမ်ဖြစ်ခြင်း၊ မျက်ကြည်လွှာကွာကျခြင်း၊ မျက်ကြောထုံးခြင်း၊ အာရုံခံလွှာကွာခြင်း စသည့်မျက်စိဝေဒနာအမျိုးမျိုးကြောင့်ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရခြင်းကြောင့်ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် မျက်စိခွဲစိတ်ခံရသည့်အခါ လူများအနေဖြင့် မလွဲမသွေလိုက်နာအပ်သော နည်းလမ်းကောင်းများကို ဗဟုသုတတစ်ရပ်အနေဖြင့် အောက်ပါအတိုင်း အကြံပြုမျှဝေလိုပါသည်။

- မခွဲစိတ်မီ ဆံပင်ညှပ်၊ ခေါင်းလျှော်ထားရမည်။ ခြေသည်းလက်သည်း လှီးထားရပါမည်။
- ခွဲစိတ်ခံရမည့်နေ့တွင် မျက်နှာကို ဆပ်ပြာဖြင့်အကြိမ်ကြိမ်သစ်ထားရမည်။ သနပ်ခါး၊ ပေါင်ဒါ၊ မိတ်ကပ်အစရှိသည်တို့ကို မလိမ်းရ။ ခွဲစိတ်ခံရမည့် ဆေးရုံ၊ ဆေးခန်းသို့ သန့်ရှင်းစင်ကြယ်သော အဝတ်အစားများဝတ်သွားပါ။
- ဆေးရုံဆေးခန်းမှ ညွှန်ကြားထားသည့်အတိုင်း တစ်ရက်ကြိုတင်၍ခွဲစိတ်ခံရမည့် မျက်စိကို မျက်စဉ်းခတ်ထားရမည်။
- သောက်ဆေးများကိုလည်း ဆရာဝန် ညွှန်ကြားထားသည့်အတိုင်း သောက်ထားရပါမည်။
- သွေးတိုး၊ ဆီးချို၊ ရင်ကျပ် စသည်တို့ကို စစ်ဆေးကုသထားရမည်။
- မိမိတွင် ရောဂါဝေဒနာ ကြီးကြီးမားမား ပြဿနာမရှိပါက အစားအသောက်များကို မိမိဆန္ဒရှိရာ စားသောက်နိုင်သည်။ (သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခွဲစိတ်ပြီးနောက် ယားယံခြင်းမဖြစ်နိုင်အောင် ပုစွန်ဆိတ်၊ ငါးဖယ်၊ ပုစွန်ချဉ်၊ ငါးဖယ်ချဉ်၊ ပုစွန်လုံး၊ ကဏန်းလုံး၊ ပင်လယ်စာတို့ကို တစ်ရက်ခန့်ကြိုတင်၍ ရှောင်နိုင်လျှင်ကောင်းသည်)
- စိတ်တည်ငြိမ်မှုရရန်အတွက် မခွဲစိတ်မီ နေ့များကတည်းက တရားထိုင်ခြင်း သို့မဟုတ် တရားရှုမှတ်ခြင်း သို့မဟုတ် ယောဂကျင့်ခြင်းဖြင့် တည်ငြိမ်မှုကို ကျင့်ထားနိုင်ပါက ပို၍ကောင်းသည်။

**မျက်စိခွဲစိတ်ခံယူနေစဉ် မှတ်သားလိုက်နာဖွယ်**

ခွဲစိတ်မှုခံယူနေစဉ် ဆရာဝန်ညွှန်ကြားသည့်အတိုင်း မျက်တောင်မခတ်ပါနှင့်။ မျက်လုံး မကစားပါနှင့်။ အကြောက်လွန်ပြီး စိတ်ကိုချုပ်တည်းမထားပါနှင့်။ စိတ်ကိုဖြေလျှော့၍နေပါ။ သက်သောင့်သက်သာနေပါ။ ခွဲစိတ်ခံယူနေသည့် မျက်စိပေါ်တွင် အာရုံကိုမထားဘဲ နှာခေါင်းပေါက်သို့သာ အာရုံစုစည်း၍ လေဝင်လေထွက်ကို စူးစူးစိုက်စိုက်ရှုမှတ်ပါ။

**ခွဲစိတ်ပြီးလူနာများ ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းကောင်းများ**

- မှောက်မအိပ်ရ၊ ခွဲထားသည့်ဘက်စောင်းမအိပ်ရ၊ ပက်လက် သို့မဟုတ် မခွဲသည့်ဘက်စောင်းအိပ်နိုင်သည်။
- တအောင့်တနားထိုင်နိုင်သည်။ လျှောက်နိုင်သည်။ လှုပ်လှုပ်ရှားရှားမျိုးမဟုတ်ဘဲ ခပ်ဖြည်းဖြည်းသာ လျှောက်သင့်သည်။
- ခွဲပြီးနောက် လူကောင်းအတိုင်း ထမင်းစားနိုင်သည်။ သို့သော် ပျော့သောအစာနှင့် များများဝါးရန်မလိုအပ်သော အစားအစာတို့ကို ရွေးချယ်စားသုံးသင့်သည်။
- ခွဲထားသည့် မျက်လုံးမထိခိုက်စေရန် သတိပြုရမည်။ ပတ်တီးဖြုတ်ပြီးနောက် ကော်ဆန်ခါခေါ် မျက်စိအဖုံးအကာဖြင့် ရက်သတ္တနှစ်ပတ်တိတိ နေ့ရောညပါအုပ်ထားပါ။ ရက်သတ္တနှစ်ပတ်နောက်ပိုင်းတွင် တစ်လတိတိ ညဘက်တွင်ကော်ဆန်ခါအုပ်၍ အိပ်ပါ (နေ့ဘက်တွင် ကော်ဆန်ခါချွတ်ထားနိုင်သည်)
- အလေးအပင် မ မရ။ ကုန်းကုန်းကွကွ မလုပ်ရ။
- ခေါင်းကို အောက်သို့အကြာကြီး ငုံ့မထားရ။ ဇက်ကြောမချိုးရ။ ဇက်ကြောအနှိပ်မခံရ။ ခေါင်းညိတ်၊ ခေါင်းခါ ခပ်ပြင်းပြင်းမလုပ်ရ။
- မျက်စဉ်းကို အနည်းဆုံး နှစ်လခန့် သို့မဟုတ် သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းမှ ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း အချိန်မှန်မှန်ခတ်ရမည် (မျက်စဉ်းမပြတ်စေရန် အထူးသတိပြုပါ)
- လည်ပင်းအောက် ရေလောင်းချိုးနိုင်သည်။ မျက်နှာကိုရေပတ်အခြောက်သုတ်နိုင်သည်။
- ခွဲစိတ်ပြီးနောက် တစ်လခွဲကြာမှခေါင်းလျှော်ပါ။ သနပ်ခါးလိမ်းသောအခါ မျက်စိထဲမဝင်အောင် သတိပြုပါ။
- တစ်လခန့် နေပူပူထဲမသွားရ။ မျက်နှာနှင့်မျက်စိကို လေပြင်းပြင်းအတိုက်မခံပါနှင့်။
- ခွဲစိတ်ထားသည့် မျက်စိကို မပွတ်ရ။ အဝတ် သို့မဟုတ် လက်ကိုင်ပုဝါဖြင့်လည်း မသုတ်ရ။
- ခွဲစိတ်ထားသည့်မျက်လုံး နီရဲလာခြင်း သို့မဟုတ် ကိုက်ခဲခြင်း သို့မဟုတ် ပြန်၍ အမြင်ဝေဝါးခြင်း၊ မျက်စိမှုန်လာခြင်း စသည်တို့ ဖြစ်ပေါ်ခံစားရပါက ဆရာဝန်နှင့် အမြန်ပြပါ။
- မျက်ရည်မကျပါစေနှင့်။ မငိုမိအောင်ဆင်ခြင်ပါ။

အထက်ပါမှတ်သားလိုက်နာဖွယ်ရာများကို လိုက်နာဆောင်ရွက်၍ မျက်စိကို အထူးဂရုပြုကြရမည် ဖြစ်ပါသည်။

# ကိုရီးယားနိုင်ငံတစ်ဝန်း ယခုသီတင်းပတ်ကုန်အတွင်း တောမီး ၁၂ ကြိမ်လောင်ကျွမ်းသဖြင့် နေရာအများစုတွင် သတိပေးချက်ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိ



**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

ကိုရီးယားနိုင်ငံတစ်ဝန်း ယခုသီတင်းပတ်ကုန်တွင် တောမီး ၁၂ ကြိမ် လောင်ကျွမ်းသဖြင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံနေရာအများစုတွင် တောမီးသတိပေးချက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အမျိုးသားသစ်တောဌာနမှ ထုတ်ပြန်သောသတင်းများကို ကိုးကား၍ Korea Joongang News သတင်းဌာနက ယနေ့ ရေးသားဖော်ပြထားသည်။

Gangwon ပြည်နယ် Hong-cheon မြို့အနီးရှိ တောင်တန်းတစ်ခုပေါ်တွင် ယနေ့ နံနက် ၁၁ နာရီခန့်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သုည ဒသမ ၂ ဟက်တာခန့် လောင်ကျွမ်းခဲ့ရာ မီးသတ်သမားဦးရေ ၁၀၀ နှင့်မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်နှစ်စီးဖြင့် တစ်နာရီခန့် မီးငြိမ်းသတ်ခဲ့ရသည်။

ထို့အတူ မွန်းလွဲ ၁ နာရီခန့်ကလည်း South Jeolla ပြည်နယ် Hwasun မြို့အနီးတွင်လည်း တောမီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သဖြင့် တစ်နာရီခန့် မီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

Gangwon ပြည်နယ်တွင် လောင်ကျွမ်းခဲ့သော တောမီးသည် တစ်စက္ကန့်လျှင် ၁၅ မီတာနှုန်း လောင်ကျွမ်းခဲ့ပြီး အဆိုပါမီးလောင်ကျွမ်းချိန်တွင် လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် မီတာ ၂၀ နှုန်း တိုက်ခတ်လျက်ရှိသဖြင့် တောမီးလောင်ကျွမ်းမှု အရှိန်ပြင်းထန်သောကြောင့် ဒေသခံများကို သတိပေးချက်ထုတ်ပြန်ခဲ့ရသေးကြောင်း အမျိုးသားသစ်တောဌာန၏ အဆိုအရ သိရသည်။

သစ်တောအာဏာပိုင်များ၏ အဆိုအရ တောမီးအများစုသည် ဆေးလိပ်သောက်ခြင်း၊ အမှိုက်မီးရှို့ခြင်း သို့မဟုတ် လူတို့၏ လုပ်ဆောင်ချက်များကြောင့် အများစုဖြစ်ပွားရခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

AZH

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်တာကလာရာမြစ်ရေလျှံမှုကြောင့် မြေပြိုမှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်တာကရာလာမြစ်ရေလျှံတက်မှုကြောင့် ဗလန်စီယာအာဗွိုပန်းခြံဧရိယာအနီးတွင် မြေပြိုကျမှုဖြစ်ပွားကာ မော်တော်ယာဉ်တစ်စီး မြစ်အတွင်းထိုးကျခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု MSN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြစ်ရေလျှံတက်မှုကြောင့် မြေပြိုကျမှုများ ဖြစ်ပွားနေသည့်အပြင် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေကြောင်း၊ မြစ်ကမ်းပါးပြိုကျမှုကြောင့် မြစ်အနီးတွင် ရပ်ထားသည့် မော်တော်ယာဉ်တစ်စီး မြစ်အတွင်းထိုးကျသွားခဲ့ခြင်းဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လက်ရှိ မြစ်ကမ်းပါးပြိုကျတဲ့ အခြေအနေဟာ ခန့်မှန်းရခက်နေပါတယ်။ မြေရေလျှံတက်မှုပေါ်မူတည်ပြီး အခြေအနေတွေက ဒီထက် ပိုဆိုးရွားလာနိုင်ပါတယ်။ အရေးကြီးဆုံးကတော့ ပြည်သူတွေ အန္တရာယ်ကင်းဖို့ပါပဲ။ ဒါကြောင့်လဲ မြေပြိုကျတဲ့ပြဿနာကို ဖြေရှင်းဖို့၊ ပြည်သူတွေအန္တရာယ်မဖြစ်စေဖို့အတွက်ကိုပဲ ဦးစားပေးဆောင်ရွက်နေပါတယ်။ ပန်းခြံအတွင်းမှာ ပိတ်မိနေတဲ့ ဒေသခံတွေကိုလဲ ရဟတ်ယာဉ်တွေ အသုံးပြုပြီးတော့ ကယ်ထုတ်ပေးခဲ့ရတယ်။ ထိခိုက်ဒဏ်ရာရရှိသူတော့ မရှိခဲ့ပါဘူး"ဟု လော့အိန်ဂျလိစ် ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



မြေပြိုကျမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်နေပြီး လော့အိန်ဂျလိစ် ကယ်ဆယ်ရေးအဖွဲ့အစည်းက ရဟတ်ယာဉ်နှစ်စီးစေလွှတ်ကာ ပန်းခြံအတွင်းပိတ်မိနေသည့် ပြည်သူများကို ကယ်ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေပြိုကျသည့် ဧရိယာများတွင် လမ်းမကြီးများပိတ်ဆို့နေမှုကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှင်းလင်းမှုများ ပြုလုပ်ပေးနေသော်လည်း မည်သည့်ကာလထိ လမ်းပိတ်နေမည်ကို မသိရသေးကြောင်း ဗလန်စီယာအာဗွိုပန်းခြံစီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# ပါပူဝါးနယူးဂီနီနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျုရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၆**

ပါပူဝါးနယူးဂီနီနိုင်ငံတွင် ဖေဖော်ဝါရီ ၂၅ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျုရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဩစတြေးလျ ဘူမိသိပ္ပံဌာနက ထုတ်ပြန်ခဲ့သည်ဟု DM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သည့်ဧရိယာမှာ ဩစတြေးလျနိုင်ငံနှင့် နီးကပ်ခဲ့ပြီး မြေအောက်အနက် ၅၇ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်ပြင်းအားများခဲ့သော်လည်း မြေငလျင်အစပျိုးသည့်ဗဟိုချက်မှာ မြေအောက်အနက် အကွာအဝေးများပြားခဲ့ခြင်းကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း ပါပူဝါးနယူးဂီနီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၂၅ ရက်က ပြင်းအား ၆ ဒသမ ၂ မဂ္ဂနီကျုရှိတဲ့ မြေငလျင်ဟာ ဝက်စ်နယူးဗြိတိန်ပြည်နယ်မှာ လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင် ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့ ဧရိယာဟာ ကင်ဘီမြို့နဲ့ နီးကပ်ခဲ့ပါတယ်။ မြေအောက်အနက် ၅၇ ကီလိုမီတာအကွာကနေ လှုပ်ခတ်ခဲ့တာဖြစ်တဲ့အတွက် လူနေအိမ်ခြေနဲ့ အခြေခံအဆောက်အအုံတွေကို ကြီးမားတဲ့ရိုက်ခတ်မှုမျိုး မဖြစ်ပေါ်ခဲ့ပါဘူး။ မြေငလျင်နောက်ဆက်တွဲဖြစ်တဲ့ ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာဖွယ်မရှိပါဘူး။ မြေငလျင်လှိုင်း အဓိကရိုက်ခတ်ခဲ့တဲ့ဧရိယာကတော့ ကင်ဘီမြို့ပဲဖြစ်ပါတယ်"ဟု ပါပူဝါးနယူးဂီနီ မိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငလျင်ကြောင့် ဖြစ်ပေါ်လာသော မြေငလျင်လှိုင်းသည် ပါပူဝါးနယူးဂီနီနိုင်ငံ ကင်ဘီမြို့သို့ အဓိကရိုက်ခတ်ခဲ့ပြီး အသေးစားပျက်စီးမှုတချို့သာရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူမရှိခဲ့ကြောင်း ပါပူဝါးနယူးဂီနီနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံး ထိပ်တန်းဒေသ ၁၀၀ တွင် ဖိလစ်ပိုင်နိုင်ငံမှ ပြည်နယ် ၁၇ ခု အကျုံးဝင်လျက်ရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၆**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်အခံရဆုံးထိပ်တန်းဒေသ ၁၀၀ တွင် ဖိလစ်ပိုင်နိုင်ငံမှ ပြည်နယ် ၁၇ ခု အကျုံးဝင်လျက်ရှိကြောင်း ဩစတြေးလျနိုင်ငံအခြေစိုက် XDI သဘာဝဘေးအန္တရာယ် လေ့လာသုံးသပ်ရေးအဖွဲ့၏ ယခုနှစ်အတွက် ထုတ်ပြန်ထားသော ရာသီဥတုဘေးအန္တရာယ်အဆင့် သတ်မှတ်ချက်များကိုကိုးကား၍ Manila Standard သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

XDI အဖွဲ့အနေဖြင့် အဆိုပါ အချက်အလက်များကို တွက်ချက်ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ ရေကြီးမှု၊ တောမီးလောင်ကျွမ်းမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုအပါအဝင် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများ၏ သက်ရောက်မှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုအပေါ် အခြေခံ၍ တွက်ချက်ထားခြင်းဖြစ်ကြောင်း သိရသည်။

XDI၏ လေ့လာချက်များအရ ကမ္ဘာ့ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ၏ အဓိကအချက်အချာနေရာများတွင် ပြင်းထန်သော ရာသီဥတုအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုကို အများဆုံးဖြစ်ပေါ်စေကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်ကလည်း သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရမှု ညွှန်းကိန်းတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် ထိပ်ဆုံးနိုင်ငံများစာရင်းတွင်ပါဝင်ခဲ့ပြီး အဆိုပါ ညွှန်းကိန်းသည် နိုင်ငံတစ်နိုင်ငံချင်းအလိုက် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့် လူဦးရေပေါ်မူတည်၍ တွက်ချက်ခြင်းဖြစ်ကြောင်း သိရသည်။

XDI၏ထုတ်ပြန်ချက်များအရ ရာသီဥတုဘေးအန္တရာယ်အဆင့် သတ်မှတ်ချက်တွင် တရုတ်နိုင်ငံမှ ဒေသကိုးခု၊ အမေရိကန်နိုင်ငံမှ ဖလော်ရီဒါ၊ ကယ်လီဖိုးနီးယားနှင့် တက္ကဆက်ပြည်နယ်ရှိ ဒေသများအပါအဝင် အိန္ဒိယနိုင်ငံမှ ဒေသတချို့လည်း ပါဝင်ကြောင်း သိရသည်။

AZH

# လူဇင်ဘတ်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း မိုးရွာသွန်းမှုမရှိသဖြင့် ရေရှားပါးမှုဖြစ်ပေါ်နိုင်

**လူဇင်ဘတ် ဖေဖော်ဝါရီ ၂၆**

လူဇင်ဘတ်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်း ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး အပူချိန်မြင့်တက်မှုမှာလည်း အခြားသော နှစ်များတွင် ဖြစ်ပေါ်ခဲ့သော ဖေဖော်ဝါရီလ အပူချိန်များထက် မြင့်မားလျက်ရှိရာ မိုးရွာသွန်းမှုလည်းမရှိသဖြင့် ရေရှားပါးမှုဖြစ်ပေါ်လာနိုင်ကြောင်း လူဇင်ဘတ်နိုင်ငံ ရေအရင်းအမြစ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု RTL သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဖေဖော်ဝါရီလတွင် ပုံမှန်မိုးရွာသွန်းလေ့ရှိသော်လည်း ယခုနှစ်ဖေဖော်ဝါရီလတွင် မိုးရွာသွန်းမှုမှာ ပုံမှန်ရွာသွန်းလေ့ရှိသည့် ပမာဏအောက် ၉၇ ရာခိုင်နှုန်းထိလျော့ကျခဲ့ကြောင်း လူဇင်ဘတ်နိုင်ငံ ရေအရင်းအမြစ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပုံမှန်ဆိုရင် ဖေဖော်ဝါရီလမှာ မိုးပုံမှန်ရွာသွန်းလေ့ရှိပါတယ်။ မိုးရွာသွန်းတဲ့အတွက် မြေအောက်ရေထုအရင်းအမြစ်ကို ဖြည့်တင်းပေးနိုင်တယ်။ ဒီနှစ် ဖေဖော်ဝါရီလမှာ အပူချိန်မြင့်တက်ခဲ့သလို မိုးရွာသွန်းမှုမရှိတဲ့အတွက် မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်ဖွယ်ရှိနေတယ်။ ဒီပုံအတိုင်းသာဆိုရင်တော့ သောက်သုံးရေခက်ခဲတဲ့ပြဿနာနဲ့ ရင်ဆိုင်လာရဖွယ်ရှိနေပါတယ်။ မိုးရွာသွန်းမှုနည်းပါးတဲ့ အခြေအနေကလဲ လာမဲ့ ဧပြီလထိ ဖြစ်သွားနိုင်တဲ့အတွက် နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးတဲ့ပြဿနာနဲ့ ရေရှည်ရင်ဆိုင်သွားရဖွယ်ရှိနေပါတယ်"ဟု လူဇင်ဘတ်နိုင်ငံ ရေအရင်းအမြစ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ဒုတိယညွှန်ကြားရေးမှူး မာဂါလီက ပြောကြားသည်။

လူဇင်ဘတ်နိုင်ငံ၏ မိုးလေဝသအခြေအနေအရ ယခုနှစ် ဖေဖော်ဝါရီလအတွင်း မိုးရွာသွန်းမှုနည်းပါးသည့်အတွက် မြေအောက်ရေထုအရင်းအမြစ် ခန်းခြောက်ဖွယ်ရှိနေပြီး သောက်သုံးရေခက်ခဲသည့်ပြဿနာဖြင့် ရင်ဆိုင်လာရဖွယ်ရှိနေကြောင်း၊ သောက်သုံးရေရှားပါးလာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်လာနိုင်သဖြင့် သောက်သုံးရေကို အကန့်အသတ်ဖြင့် ဖြန့်ဝေသွားဖွယ်ရှိနေကြောင်း လူဇင်ဘတ်နိုင်ငံ ရေအရင်းအမြစ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၁၈ ဆူ | ၂ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၂ | ၄ |
| ၄။ | ဂေါပကရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း။ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေယန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှပြဲစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၈ ခန်း | ၃၇၇ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၉ ကျင်း | ၅၈၈၁. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၈ ကျင်း | ၁၄၀၈. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၄၆ စုံ | ၃၅၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအနက် **လှူဒါန်းနိုင်သောကျောက်စာရုံစေတီအရေအတွက် ၇၂၀ ဆူတွင် လှူဒါန်းရန်ကျန် ၂ ဆူသာကျန်ရှိပါသဖြင့်** ဦးစွာကုသိုလ်ပြုလှူဒါန်းနိုင်ပါရန်နှင့် ကျန်သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ ၂၆-၂-၂၀၂၃ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းကို ၅-၃-၂၀၂၃ ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ရေနံချောင်းမြို့နယ် ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ရေနံချောင်း ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့်ငွေ စာရင်းဇယားများစနစ်တကျဖြည့်သွင်းထားရှိမှုနှင့်စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းများအချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့သည်။

ရေနံချောင်းမြို့နယ် ဖောင်းကွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၄၆ သိန်း စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်အသင်းသား၊ အသင်းသူ ၁၁၁ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၁ သိန်း ထုတ်ချေးပေးထားကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**နွဲ့ယဉ်**




## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပမှ အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၅၀၀၀ ကျော်တင်သွင်းခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၃၄ သန်းကျော်တန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၅၀၀၀ ကျော် တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ဓာတ်မြေဩဇာများကို ပြည်တွင်းတွင်ထုတ်လုပ်မှုရှိနေသော်လည်း မြန်မာနိုင်ငံ၏ အရှိန်အဟုန်မြင့်ဖွံ့ဖြိုးတိုးတက်လာသည့် စိုက်ပျိုးရေးလုပ်ငန်းများ၏ လိုအပ်ချက်အရ ပြည်ပမှဓာတ်မြေဩဇာများကို တင်သွင်းလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၀၇၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၅၇၆၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၂ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၈၁၂၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၃၄ ဒသမ ၀၉၅ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာတန်ချိန် ၆၅၇၂၀ တင်သွင်းခဲ့ရသည်။

ဇန်နဝါရီလအတွင်း ဓာတ်မြေဩဇာများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းခဲ့ရာတွင် တရုတ်နိုင်ငံမှဓာတ်မြေဩဇာတန်ချိန် ၄၀၀၀၀၊ ထိုင်းနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၇၈၀၀၊ အာရပ်စော်ဘွားများပြည်ထောင်စုမှ ဓာတ်မြေဩဇာတန်ချိန် ၅၀၀၀၊ တောင်ကိုရီးယားနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၂၅၀၀၊ အမေရိကန်နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၆၀၀၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၅၀၀၊ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၄၀၀၊ ဂျပန်နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၄၀၀၊ လာအိုနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၃၀၀၊ မလေးရှားနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၈၀၊ အိန္ဒိယနိုင်ငံမှ ဓာတ်မြေဩဇာ ၁၀ တန်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ဓာတ်မြေဩဇာ ၁၀ တန် စုစုပေါင်းဓာတ်မြေဩဇာတန်ချိန် ၅၇၆၀၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဓာတ်မြေဩဇာများကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင် တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၄၅၀၀၊ ထိုင်းနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၆၂၀ နှင့် အိန္ဒိယနိုင်ငံမှ ဓာတ်မြေဩဇာတန်ချိန် ၃၀၀၀ စုစုပေါင်းဓာတ်မြေဩဇာတန်ချိန် ၈၁၂၀ တင်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအနေဖြင့် အရည်အသွေးပြည့်ဝသော မြေဩဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် နိုင်ငံတော်ကဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများ ပါဝင်သော ယူရီးယားမြေဩဇာဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။ SKL

ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်

လူကြီးမင်း၏ ငွေကြေးဆိုင်ရာကိစ္စရပ်များအား
အင်းဝဘဏ်လီမိတက်
ဘဏ်ခွဲများတွင်
လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

INNWA BANK LIMITED




အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁



မြင့်စေတာနာဆေးဆိုင်
ရေသင်း (သမင်ဖြူ)
LEUCODERMA
ရေသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်အမှတ်-၃၊ ဗိုလ်တော်ရိပ်မြိုင်ရန်ကုန်အင်းစိန်လမ်းမကြီးကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၆၆၄၇၊ ၀၉-၇၇၈၃၂၈၆၃
(ခွဲ)အမှတ်(၂)၆၂လမ်း၊၂၈×၂၉လမ်းကြားအောင်တော်မှူရပ်မန္တလေးမြို့ ဖုန်း-၀၂-၄၀၂၂၅၁၅၀၉-၂၅၆၅၆၈၁



ပျောက်ဆုံးကြောင်း
မန္တလေး ချမ်းအေးသာဇံမြို့နယ်နေ ဟေသွန်းချစ်နန်းအောင်စံ (ဘ) ဦးညီမင်း မြတ်စံ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မကတ်ဆိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၃၉၂၃၀၉၈၈

ပျောက်ဆုံးကြောင်း
မန္တလေး ချမ်းအေးသာဇံမြို့နယ်နေ ဟေသွန်းချစ်မြတ်ပိုးအိမ် (ဘ) ဦးညီမင်း မြတ်စံ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မကတ်ဆိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၃၉၂၃၀၉၈၈


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သတ္တုဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး၊

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး၊

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လို၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME)များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို နယ်မြေခံ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

